POINT ( Promotion of Indigenous and Nature Together )
ပွိုင့် ( ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ )
သတင်းစာစောင်
Volume - 6, Issue # 2 (December 2019)



## မာတိကာ


- ကျောက်မီးသွေးနဲ့မှ လျှပ်စစ်ထုတ်ချင်သူတွေ ဖတ်ဖို့ရေးတဲ့စာ။
- Madhu Duniya 2019
- ဌာနေတိုင်းရင်းသားများ၏ သစ်တောအပေါ် အမြင်နှင့် သစ်တော၏အရေးကြီးပုံ။
- ဘာကြောင့် ဌာနေတိုင်းရင်းသားများပူပေါင်းပါဝင်တဲ့ မြေအသုံးချမှုပြ မြေပုံရေးဆွဲရသလဲ။
- ရာသီဥတု ကပ်ဘေးတိုက်ဖြတ်ရေးလှုပ်ရှားမှု။
- အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများနေ့ ဂုဏ်ပြု စက်ဘီးစီးနင်းပွဲ။
- ဝါးလက်မှုသင်တန်းမှ ဝါးအကြောင်း သိကောင်းစရာ အချို့များ။
- ဂျီနီဗာ ကြေငြာစာတမ်း – လိုက်လျောမှုလုံးဝမရှိသော။
- သဘာဝမှပေးသော ဝမ်းရေး။
- မြန်မာ့အစိမ်းရောင်ကွန်ယက်၏ သဘောထားကြေညာချက်။
- ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)၏လှုပ်ရှားမှုများ။


## ကျောက်မီးသွေးနဲ့မှ လျှပ်စစ်ထုတ်ချင်သူတွေဖတ်ဖို့ ရေးတဲ့စာ

**မင်းချစ်နိုင်**

ကျွန်တော့ စိတ်ထဲမှာ ကျောက်မီးသွေးကိစ္စ တစ်ခန်းရပ်သွားပြီလို့ ထင်နေခဲ့တယ်။ နိုင်ငံတော်အစိုးရ ပိုင်းကလည်း “သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာပညာရှင်တွေ၊ အဖွဲ့အစည်းတွေ၊ ဒေသခံပြည်သူတွေရဲ့ ဆန္ဒသဘောထားကို နားလည်လက်ခံလိုက်ပြီ၊ ကျောက်မီးသွေးနဲ့ ပတ်သက်တဲ့ ကမ္ဘာ့အခြေအနေကိုလည်း နားလည်လက်ခံလိုက်ပြီ၊ ကျောက်မီးသွေးကို လုံးဝအသုံးမပြုဖို့လည်း ဆုံးဖြတ်လိုက်ပြီ”လို့ ကျွန်တော် ထင်နေခဲ့တာ။ အဲဒါကြောင့် ကျွန်တော်တောင် ကျောက်မီးသွေးနဲ့ပတ်သက်တဲ့ ဆောင်းပါးတွေ မရေးဖြစ်ခဲ့တာ အတော်ကြာခဲ့ပြီလေ။ အဲဒီကာလအတွင်းမှာ ကျောက်မီးသွေးနဲ့ပတ်သက်တဲ့ သတင်းတွေ၊ ဆောင်းပါးတွေ၊ ပြောစကားတွေလည်း မတွေ့ရသလောက် နည်းသွားတယ်။ ကျောက်မီးသွေးကိစ္စဟာ ငြိမ်ချက်သားကောင်းနေခဲ့တယ် ဆိုပါတော့။



တကယ်တမ်းကျတော့ ကျောက်မီးသွေးကိစ္စက ငြိမ်နေတာမဟုတ်ဘူး။ တိတ်တဆိတ် လှုပ်ခတ်နေတာ။ ဝန်ကြီးချုပ်အချို့နဲ့ ဌာနဆိုင်ရာတာဝန်ရှိသူအချို့က ကျောက်မီးသွေးစက်ရုံတွေ တည်ဆောက်ဖို့ ပြောခဲ့တယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက ကျောက်မီးသွေးနဲ့ လျှပ်စစ်ထုတ်လုပ်သင့်ကြောင်း လွှတ်တော်ထဲမှာ ပြောဆိုဆွေးနွေးကြတယ်။ ကျောက်မီးသွေးနဲ့ လျှပ်စစ်ထုတ်ပြပြီး အခုအစိုးရကပဲ သင်ခန်းစာပေးရမလိုလို ပြောကြတယ်။ မီတာခဈေးတက်တာကလည်း ကျောက်မီးသွေးနဲ့ လျှပ်စစ်မထုတ်လို့ဆိုတာမျိုး ပြောခဲ့တယ်။ ဒုဝန်ကြီးဟောင်းတစ်ဦးရေးတဲ့ လျှပ်စစ်စွမ်းအင်နဲ့ပတ်သက်ပြီး ထုတ်ဝေခဲ့တဲ့ စာအုပ်ထဲမှာလည်း ကျောက်မီးသွေးကို နိုင်ငံတိုင်းက သုံးတယ်ဆိုတဲ့အကြောင်း ရေးခဲ့တယ်။ စီးပွားရေးပညာရှင်တစ်ဦးကလည်း ကျောက်မီးသွေးနဲ့ လျှပ်စစ်ထုတ်နိုင်မှ တိုင်းပြည် မြန်မြန်တိုးတက်မှာလို့ ပြောခဲ့တယ်။ ကျောက်မီးသွေး လော်ဘီတွေကလည်း သူတို့ရဲ့ ဖဲ့ဘွတ်ခ်စာမျက်နှာမှာ အစိုးရအနေနဲ့ ပြတ်ပြတ်သားသား လုပ်ဆောင်သင့်တယ်လို့ လော်နေကြတယ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးဆိုရင် ကျောက်မီးသွေးဆန့်ကျင်သူတွေကို ထောင်ထဲထည့်သင့်တယ်လို့တောင် ပြောခဲ့တယ်။

ကျောက်မီးသွေးနဲ့ လျှပ်စစ်ထုတ်ချင်သူတွေ ပြောတာတော့ မြန်မာပြည်ရဲ့ လိုအပ်နေတဲ့လျှပ်စစ်ကို ကျောက်မီးသွေးနဲ့ထုတ်မှ မြန်မြန်ဆန်ဆန်ရနိုင်မယ်။ ပြည့်ပြည့်ဝဝရနိုင်မယ်။ လိုအပ်သလို ထိန်းချုပ်နိုင်မယ်လို့ ပြောကြတယ်။ ကျောက်မီးသွေးရဲ့အားနည်းချက်တွေကိုတော့ ဘယ်တုန်းကမှ မပြောကြဘူး။ ဒါပေမယ့်လည်း အစိုးရကို ထောက်ခံအားပေးသူတွေနဲ့ လူပြိန်းအချို့ကတော့ “ ဟုတ်တယ်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့၊ လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝရဖို့အတွက် ကျောက်မီးသွေးနဲ့ လျှပ်စစ်ထုတ်ရမယ်” လို့ သံယောင်လိုက်ပြီး ပြောဆိုကြတယ်။ ကျောက်မီးသွေးကောင်းကြောင်း ပြောနေသူတွေကို လေ့လာကြည့်တော့ ကိုယ့်နေရာလေး မပျောက်ရေး လုပ်နေကြသူတွေပါတယ်။ ပိုက်ဆံရရှိရေး လုပ်နေကြသူတွေ ပါတယ်။ ငါပြောတာမှ အမှန်ဆိုတဲ့ တစ်ဖက်ပိတ်အမြင်နဲ့ အတ္တကြီးနေသူတွေပါတယ်။

သူတို့ဟာ “ဒါနဲ့မှ ရမယ်၊ ဒါလုပ်မှ ဖြစ်မယ်” ဆိုတဲ့ လှေနံဓားထစ်အတွေးအခေါ်တွေကို လက်ကိုင်ထား ကြတယ်။ ကျောက်မီးသွေးနဲ့မှ လျှပ်စစ်မထုတ်ရင် မြန်မာပြည်ကြီး အမှောင်ထဲမှာ ဖယောင်းတိုင်နဲ့ နေရမယ် ဆိုတာကတစ်မျိုး၊ ဖွံ့ဖြိုးတိုးတက်မှုမှာ နောက်ကောက်ကျပြီး လှည်းခေတ် လှေခေတ်မှာပဲ နေရတော့မယ်ဆိုတာကတစ်ဖုံ စသဖြင့် အမျိုးမျိုးအဖုံဖုံ ပြောကြတယ်။ အချိန်တော်



တော်များများမှာ ကျောက်မီးသွေးကောင်းကြောင်း၊ ကျောက်မီးသွေးနဲ့ လျှပ်စစ်ထုတ်သင့်ကြောင်း ပြောနေကြတယ်။ ကိုယ်ချစ်ရတဲ့သူ ဘာအပြစ်ပဲလုပ်လုပ် အပြစ်မမြင်သလိုမျိုး သူတို့လည်း ကျောက်မီးသွေးကို အပြစ်မမြင်ကြတော့ဘူး။ ပြည်သူအချို့က လည်း သူတို့ပြောတာတွေကို ဟုတ်နိုးနိုးထင်လာပြီး ကျောက်မီးသွေးနဲ့ လျှပ်စစ်ထုတ်တာကို ထောက်ခံချင်လာကြတယ်။ ဒါဟာ မြန်မာပြည်ရဲ့ အနာဂတ်အတွက် ရင်လေးစရာ ကောင်းလွန်းတဲ့ အခြေအနေလို့ ပြောချင်တယ်။ ဘာကြောင့်လဲ...၊

ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံတွေဟာ ကမ္ဘာကြီးပူနွေးမှု၊ ရာသီဥတုပြောင်းလဲမှုတွေကို ဖြစ်ပေါ်စေတဲ့ အဓိက



တရားခံဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နဲ့ လူမှုဘာဝပတ်ဝန်းကျင်တွေကို ဆိုးဆိုးရွားရွား ထိခိုက်စေလို့ပါပဲ။ ဒီကိစ္စနဲ့ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်တွေ၊ ကျွမ်းကျင်သူတွေ၊ အဖွဲ့အစည်းတွေက အချက်အလက်တွေနဲ့ အထောက်အထားတွေနဲ့ အကြိမ်ကြိမ်ပြောဆိုခဲ့ပြီးပါပြီ။ ကမ္ဘာမှာ ကျောက်မီးသွေးကြောင့် ထိခိုက်ပျက်စီးမှုတွေ အများကြီးရင်ဆိုင်ခဲ့ရသလို မြန်မာပြည်မှာလည်း တီကျစ်ကျောက် မီးသွေးစက်ရုံကြောင့် ထိခိုက်ပျက်စီးမှုတွေ အများကြီးရင်ဆိုင် ကြုံတွေ့ခဲ့ရတယ်။ ဒါကလည်း ကျွန်တော်ကိုယ်တိုင် လေ့လာခဲ့လို့ ပြောနိုင်တာပါ။ ကျွန်တော် တီကျစ်ကို ရောက်တဲ့အချိန်က ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံကို အရှုံးပေါ်လို့ဆိုပြီး ပိတ်ထားတယ်။ စက်ရုံပိတ်ထားချိန်မှာ တီကျစ် ရွာထဲဝင်တာတောင် ကျောက်မီးသွေး အဆိပ်နံ့ကို ခံစားခဲ့ရတယ်။ ရွာထဲဝင်လိုက်တာနဲ့ ကျောက်မီးသွေး အဆိပ်နံ့ဟာ ကျွန်တော်နဲ့ ကပ်ပါလာခဲ့တယ်။ ဒေသခံပြည်သူတွေနဲ့တွေ့တော့ လည်း တီကျစ်ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံကြောင့် ထိခိုက်ပျက်စီးခဲ့တာတွေကို စိတ်မကောင်းစွာ ကြားသိခဲ့ရတယ်။

ဒေသခံတွေရဲ့ ရင်ဖွင့်ချက်တွေအရ ကျောက်မီးသွေးတွင်းတွေကြောင့် လူနေအိမ်တွေနဲ့ နီးကပ်နေတာကြောင့် ဆူညံမှုများ၊ ညစ်ညမ်းမှုများဖြစ်ပေါ်ပြီး အချို့အိမ်တွေမှာ မိုင်းဒဏ်ကြောင့် အက်ကွဲကြောင်းတွေ ဖြစ်ပေါ်ခဲ့တယ်။ နောက်ပြီး ဒေသခံတွေဟာ ညစ်ညမ်းတဲ့လေထုတွေကို ရှူရှိုက်နေရပြီး နောက်ဆက်တွဲ ကျန်းမာရေးပြဿနာတွေကို ရင်ဆိုင်နေရတယ်။ အထူးသဖြင့် ကလေးငယ်တွေ၊ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေကို ပိုမိုထိခိုက်နေတယ်။ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေဟာ ပေါင်မပြည့်တဲ့ ကလေးငယ်တွေကို မွေးဖွားခြင်း၊ လမစေ့ဘဲမွေးဖွားခြင်း၊ အင်္ဂါမစုံ မွေးဖွားခြင်း၊ အသေမွေးဖွားခြင်းတွေကို ကြုံတွေ့နေရတယ်။ ညစ်ညမ်းတဲ့ရေတွေကို ချိုးရခြင်း၊ သောက်သုံးရခြင်းကြောင့်လည်း



ယားနာတွေဖြစ်ပေါ်ခြင်း အပါအဝင် အခြား ကျန်းမာရေး ပြဿနာတွေကိုလည်း ရင်ဆိုင်နေရတယ်လို့ သိရတယ်။ ဒေသခံတွေဆီမှာလည်း အဲဒါတွေနဲ့ပတ်သက်တဲ့ ဒေသန္တရဆိုင်ရာ ကျန်းမာရေးအချက်အလက်တွေ အတိအကျရှိတာကိုလည်း တွေ့ခဲ့ပါတယ်။ အဲဒီလို ဖြစ်နေတာတောင် မြန်မာ့ရုပ်မြင်သံကြားကနေပြီး တီကျစ်ကျောက်မီးသွေးစက်ရုံ ကောင်းကြောင်း၊ ဒေသခံပြည် သူတွေကို ထိခိုက်မှု မရှိကြောင်း ထုတ်လွှင့်ပြတာကို ကျွန်တော် အံ့ဩမဆုံး ဖြစ်ခဲ့ရတယ်။ ဘယ်သူတွေက လိမ်နေတာလဲ၊ ဘာကြောင့်လဲ ဆိုတာလည်း တွေးမရ ဖြစ်ခဲ့ရတယ်။

နောက်ပြီး တီကျစ်ကျောက်မီးသွေးစက်ရုံကြောင့် တိုင်းပြည်ဖွံ့ဖြိုးခဲ့သလား။ ဘယ်လောက် ဖွံ့ဖြိုးတိုးတက်ခဲ့လဲ။ အဲဒီစက်ရုံကြောင့် တိုင်းပြည်က ရတာနဲ့ ဒေသခံပြည်သူတွေ ပေးဆပ်ခဲ့ရတာ တန်ရဲ့လား။ ကျွန်တော်မသိလို့ မေးတာပါ။ တီကျစ်ဒေသခံတွေ ဘယ်လိုပဲ ဖြစ်နေဖြစ်နေ၊ ကျောက်မီးသွေးလော်ဘီတွေကတော့ တီကျစ်ကျောက်မီးသွေးစက်ရုံကို အခုပြန်လည် အဆင့်မြှင့်တင်လိုက်ပြီ။ ဒေသခံပြည်သူတွေ မထိခိုက်တဲ့အပြင် တီကျစ်ဒေသတောင် ပိုမိုစိမ်းလန်းစိုပြေလာတယ်ဆိုပြီး ဓာတ်ပုံတွေတောင် ရိုက်တင်လိုက်သေးတယ်။ တီကျစ်ပတ်သက်ပြီး NGO အဖွဲ့တစ်ဖွဲ့က နိုင်ငံတကာ ပညာရှင်တွေအကူအညီနဲ့ ပြုလုပ်ထားတဲ့ သုတေသန စာတမ်းတစ်စောင်မှာလည်း တီကျစ်ကျောက်မီးသွေး စက်ရုံကြောင့် ထိခိုက်မှုတွေကို အချက်အလက် တိတိကျကျဖော်ပြထားတာကို စာဖတ်တတ်သူတိုင်း ဖတ်ကြည့်ရင် သိပါလိမ့်မယ်။ အဲဒီပျက်စီးမှုတွေဟာ စက်ရုံကို ပြန်လည် အဆင့်မြှင့်တင်တယ်လို့ ပြောရုံနဲ့ ပြန်ကောင်းလာမှာလား။ အဆင့်မြှင့်တင်လိုက်တယ်ဆိုတာကလည်း ဘယ်

နိုင်ငံမှာ အောင်မြင်နေတဲ့နည်းနဲ့ လုပ်တာလဲ။ အချိန်ဘယ်လောက် အထိ အဲဒီနည်းနဲ့ လုပ်မှာလဲ။ ဘယ်သူတွေကစစ်ပြီး ပတ်ဝန်းကျင် နဲ့ လူမှုဘဝမထိခိုက်ဘူးလို့ အတည်ပြုတာလဲ။ ပြောရရင် အများ ကြီးပါပဲ။

ကျောက်မီးသွေးက မသန့်ဘူး။ ကျောက်မီးသွေးကို မီးရှို့ရင် ထွက် လာမယ့် ဓာတ်တွေက ကမ္ဘာကြီးနဲ့ သက်ရှိသတ္တဝါတွေကို ထိခိုက် စေတယ်ဆိုတာကို အသိဉာဏ်ရှိသူတိုင်း သိပြီးသားကိစ္စပါ။ နမူပြ စရာဖြစ်စဉ်တွေလည်း အများကြီးရှိပါတယ်။ လက်ရှိမှာ ကမ္ဘာ ကြီး ပူနွေးလာမှုနဲ့ ရာသီဥတုပြောင်းလဲလာမှုကို ပြင်းပြင်းထန်ထန် ကြုံတွေ့နေရတာကို အားလုံးအသိဖြစ်ပါတယ်။ ကာဗွန်ဒိုင်အောက် ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်ခြင်းနဲ့ အခြားသောဖန်လုံအိမ် အာနိသင် ဓာတ်ငွေ့တွေထုတ်လွှတ်မှုကိုလျင်မြန်စွာဖြတ်တောက်ခြင်းမရှိရင် အခု ရာစုနှစ်အကုန်မှာ ကမ္ဘာ့လူသားတွေဟာ အန္တရာယ်ရှိတဲ့ အပူချိန်မြင့်တက်လာမှုကပ်ဘေးနဲ့ ရင်ဆိုင်ရမယ်လို့လည်း သိပ္ပံ ပညာရှင်တွေက ပြောထားပါတယ်။ ဒါကြောင့်လည်း ကမ္ဘာမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ အများဆုံး ထုတ်လွှတ်နေတဲ့ ကျောက်မီးသွေးသုံးစွဲမှုကို လျှော့ချနေပြီ ဖြစ်ပါတယ်။ ဒီလိုအနေ အထားမှာမှ မြန်မာပြည်က ဘာကြောင့် ကျောက်မီးသွေးကို အသည်းအသန် အသုံးပြုနေရတာလဲ။ စဉ်းစဉ်းစားစားတော့ လုပ် ကြစေချင်ပါတယ်။

ကျောက်မီးသွေးနဲ့ လျှပ်စစ်ထုတ်တဲ့သူတွေကတော့ ပြောပါလိမ့် မယ်။ ကျောက်မီးသွေးကို သန့်စင်တဲ့ နည်းပညာတွေ ပေါ်နေပြီလို့။ အဲဒီနည်းပညာတွေသုံးရင် သဘာဝပတ်ဝန်းကျင်နဲ့ လူမှုဘဝ ထိခိုက်မှု လျော့ကျစေမယ်လို့။ နည်းပညာအရတော့ ဖြစ်ကောင်း ဖြစ်နိုင်ပါလိမ့်မယ်။ ဒါပေမယ့် ဘယ်နိုင်ငံမှာ လုပ်နေတဲ့နည်းပညာ နဲ့ လုပ်မှာလဲ။ ဥပမာ– ဂျပန်နိုင်ငံ ဆိုပါစို့။ ဂျပန်နိုင်ငံက လေထု၊ ရေထု၊ မြေထု၊ အသံနဲ့ပတ်သက်တဲ့ တင်းကျပ်တဲ့ ဥပဒေရှိတယ်။ ဥပဒေဖောက် ဖျက်မှုရှိ/ မရှိ စောင့်ကြည့်တဲ့အဖွဲ့တွေ ရှိတယ်။ ဥပဒေ ဖောက်ဖျက်မှုကို ပြင်းပြင်းထန်ထန် အရေးယူတယ်။ ကျောက်မီးသွေးနည်းပညာကို ထဲထဲဝင်ဝင် သိရှိနားလည်တဲ့ ကျွမ်းကျင်ပညာရှင်တွေ ရှိတယ်။ လိုအပ်တဲ့ စက်ကိရိယာတွေကို သူ့နိုင်ငံတွင်းမှာ ထုတ်လုပ်နိုင်တယ်။ လုပ်ငန်း မစတင်မီ EIA/SIA တွေကို အချိန်ပေးလေ့လာ ဆောင်ရွက်တယ်။

နောက်ပြီး စက်ရုံရဲ့ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ၂၅ရာခိုင်နှုန်းကို သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် သတ်မှတ်ထားတာ မျိုးရှိတယ်။ မြေအသုံးချမှုမှာလည်း စက်ရုံဧရိယာရဲ့ ၂၀ ရာခိုင်နှုန်း ကို Green Area လို့ သတ်မှတ်ပြီး သစ်ပင်စိုက်တာ၊ ပန်းပင် မြက် ခင်းတွေ စိုက်တာ၊ ကလေးတွေအတွက် အပန်းဖြေကစားကွင်း ပြုလုပ်ပေးတာ၊ ငါး/ ငှက်တွေကျက်စားနိုင်ဖို့ ရေကန်တွေ တူးဖော် ပေးပေးတာ၊ စက်ရုံမှာ ဝန်ထမ်း ဖ၈၄ ဦးရှိရင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုမှာ ၄ဖ၈ဦး တာဝန်ထမ်းဆောင်ပြီး ၂၁ဖ ဦးကို ပတ်ဝန်း ကျင်ထိန်းသိမ်းရေး လုပ်ဆောင်စေဖို့ သီးသန့်ခန့်ထားတာမျိုးတွေ ရှိတယ်။ အဲဒါတွေကို အတိအကျ လိုက်နာလုပ်ဆောင်တယ်။ မြန်မာပြည်မှာ အဲဒီလို ဥပဒေတွေရှိပြီး အဲဒီလိုမျိုးတွေ လုပ်ဆောင် ဖို့ အဆင်သင့်ဖြစ်ပြီလား။ ပထမဆုံး နားလည်ထားရမှာ တစ်ခုက မြန်မာပြည်ဟာ ဂျပန်နိုင်ငံ မဟုတ်ဘူး ဆိုတာပါပဲ။ အဲဒီလိုအခြေ အနေတွေရှိနေတဲ့အတွက် ကာတွန်းဆရာအော်ပီကျယ်ကတော့ "မစင်ကို ရေမွှေးဖြန်းရုံနဲ့တော့ မစင်ရဲ့ ဘဝက မပြောင်းလဲနိုင်ဘူး" လို့ ပြတ်ပြတ်သားသား ပြောခဲ့ဖူးတယ်။ ဒါတွေကို မြန်မာပြည်က ကျောက်မီးသွေး ချစ်သူတွေ နားလည်စေချင်တယ်။

ကျွန်တော် ဒီလိုတွေပြောနေလို့ပြောခဲ့လို့ ကျောက်မီးသွေးနဲ့ လျှပ် စစ်ထုတ်လိုသူတွေ၊ ကျောက်မီးသွေး ချစ်သူတွေက ပြန်ပြောကြ တယ်။ "ကျောက်မီးသွေးနဲ့ လျှပ်စစ်မထုတ်ရင် ဘာနဲ့ထုတ်မှာလဲ။ ရေအားလား၊ လေအားလား၊ နေရောင်ခြည်လား၊ အခြား ပြန်ပြည့် မြဲစွမ်းအင်နဲ့လား။ စိတ်ကူးမယဉ်စမ်းပါနဲ့" ဆိုတာမျိုး။ ကျွန်တော် စိတ်ကူးမယဉ်ပါဘူး။ ပညာရှင်တွေနဲ့ အကြိမ်ကြိမ်တွေ့ဆုံဆွေး နွေးပြီးပါပြီ။ လက်တွေ့ကျကျ လုပ်နိုင်တယ်ဆိုတာ ကိုပေါ့။

ကျွန်တော်လည်း အကြိမ်ကြိမ်ရေးခဲ့ဖူးပါတယ်။ ဒီကိစ္စနဲ့ပတ်သက် ပြီး နောက်အပတ်တွေမှာ ဆက်လက်ရေးသားဖော်ပြသွားဖို့ ရှိပါ တယ်။ ကျွန်တော်ယုံကြည်တာ တစ်ခုကတော့ "ကျောက်မီးသွေးကို ချစ်တဲ့သူရော၊ မုန်းတဲ့သူရော အားလုံးဟာ တိုင်းပြည်ကိုချစ်လို့ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေချင်တဲ့ သူတွေဖြစ်တယ်" ဆိုတာ ပါပဲ။ ဒီလူတွေအားလုံး ရန်သူတွေမဟုတ်ပါဘူး။ ဒီလို ဆွေးနွေးငြင်း ခုံရင်းနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်ဆီ အရောက်လှမ်း နိုင်မယ်လို့ မျှော်လင့်မိပါတယ်။

အချုပ်ဆိုရရင်တော့ ကျောက်မီးသွေးနဲ့ ပတ်သက်ပြီး လက်ရှိ အစိုးရအတွက် နိုင်ငံရေးအရ ဆုံးရှုံးမှုတွေ ရှိလာမှာကို စိုးရိမ်မိ တယ်။ တစ်ချို့ကျွမ်းကျင်သူတွေက ပြောတယ်။ "လျှပ်စစ်အမှားကို NLD အမှားဖြစ်အောင် လုပ်နေတာ၊ အခြားပါတီတစ်ခုက လျှပ်စစ် ကဏ္ဍနဲ့ NLDအစိုးရ ကျဆုံးဖို့၊ အစိုးရက လျှပ်စစ်လိုအပ်ချက်ပြည့် မီဖို့ ကျောက်မီးသွေး လမ်းစဉ်တွေကို ကိုင်စွဲရင် ဒေသခံပြည်သူ တွေက အစိုးရအပေါ် ယုံကြည်မှု ပျက်ပြားစေဖို့ ထိုင်စောင့်နေ တယ်" တဲ့။ ဒီကိစ္စဟာ ဟုတ်/ မဟုတ် မသေချာပေမယ့် သတိထား ရမယ့်ကိစ္စ ဖြစ်နေပါတယ်။ ကျွန်တော်တို့ ပြည်သူတွေ ယုံကြည် လေးစားအားကိုးလို့ ရွေးချယ်တင်မြှောက်ခဲ့တဲ့အစိုးရကို လျှပ်စစ် ပြဿနာဖြေရှင်းတဲ့နည်း လမ်းမှားတာတစ်ခုနဲ့တော့ ဘယ်သူ့ ကိုမှ ဒူးမထောက်စေချင်ပါဘူး။ တိုင်းပြည်လျှပ်စစ်ဖူလုံဖို့ ဒေသခံ ပြည်သူတွေ မလိုလားတဲ့ ကျောက်မီးသွေးသုံးမှရမှာ မဟုတ်ပါဘူး။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနဲ့ လူမှုဘဝထိခိုက်မှု သက်သာစေ တဲ့ ပြန်ပြည့်မြဲစွမ်းအင်တွေကို အချိုးကျပေါင်းစပ်သုံးစွဲရင်လည်း ဖြစ်ပါတယ်ဆိုတဲ့အကြောင်း ရေးသားလိုက်ရပါတယ်။

မင်းချစ်နိုင်



# Madhu Duniya 2019

၂၀၁၉ခုနှစ် အောက်တိုဘာ ၂၁ရက်နေ့မှ ၂၄ရက်နေ့တွင် ထူးခြားပြီးပျောက်ကွယ်လုရှိသည့် အာရှပျားကြီးများဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သွင်ပြင်လက္ခဏာများညီလာခံအား ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပခဲ့သည်။ ထိုပွဲတွင် ပွိုင့်မှ အစီအစဉ်မန်နေဂျာ မျိုးကိုကိုနှင့် ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်အတွင်းရှိ ဂေဘားကရင်ရေးရာအဖွဲ့မှ အတွင်းရေးမှူး စောအောင်ကူးတို့မှ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ပါသည်။ စောအောင်ကူးသည် ဒေသခံလူထုနှင့်အတူ သုတေသနပြုဆောင်ရွက်နေသူတစ်ဦးဖြစ်ပြီး အထက်ပါညီလာခံနှင့် စပ်လျဉ်း၍ ယခုလို ၎င်း၏ အတွေ့အကြုံများအား မေးမြန်းထားခြင်းကို ဖော်ပြလိုက်ရပါသည်။

မေး။ ဆရာ့ရဲ့နာမည်၊ ရပ်ရွာဒေသနဲ့တာဝန်ယူရတဲ့ အပိုင်းလေးကို ပြောပြပေးပါလားခင်ဗျ။

ဖြေ။ ကျွန်တော့်နာမည်ကတော့ စောအောင်ကူးပါ။ ကရင်ပြည်နယ်၊သံတောင်ကြီးမြို့နယ်၊ ကျမိုင်းကျေးရွာအုပ်စု၊ မြတ်သာကုန်းရွာမှနေပါတယ်၊ ကရင်လိုတော့“ဝေထူး”ရွာလို့ခေါ်တာပေါ့နော်။ ရွာမှာတော့ဥယျာဉ်ခြံလုပ်တယ်။ ဂေဘားကရင်ရေးရာအဖွဲ့မှာအတွင်းရေးမှူးအနေနဲ့ တာဝန်ယူလုပ်ကိုင်နေပါတယ်။

မေး။ ဆရာဖိလစ်ပိုင်နိုင်ငံမှာ ကျင်းပပြုလုပ်တဲ့ “Maduha Duniya 2019” အာရှအကြီးဆုံးပျားရည်ညီလာခံကို ဘယ်လိုဖြစ်ပြီးသွားရောက် ပါဝင်တက်ရောက်ဖြစ်သွားလဲဆိုတာကို ပြောပြပေးပါလားခင်ဗျ။

ဖြေ။ ကျွန်တော့်ကို ဆရာမျိုးကိုကိုက အဲ့ဒီပျားရည်ညီလာခံနဲ့ ပက်သက်ပြီးတော့ အီးမေးလ်နဲ့ ဖောင်တစ်ခုကိုလှမ်းပို့တာပေါ့နော်၊ အဲ့ဖောင်ကိုဖြည့်စွက်ပြီးတော့ပြန်ပို့လိုက်တယ်။ ဒီလိုနဲ့ပါဝင်ဖြစ်သွားတော့ပေါ့နော် ပွိုင့်ရဲ့အဆက်အသွယ်နဲ့။

မေး။ ဆရာအဲ့ဒီညီလာခံကနေ ဘာတွေရရှိသွားမယ်လို့ မျှော်လင့်ပြီးသွားခဲ့တာလဲဆိုတာကို ပြောပြပေးပါလားဆရာ။

ဖြေ။ သဘာဝပျားရည်ကို အာဆီယံမှာ ဆွေးနွေးမယ်ဆိုတော့ သူတို့နိုင်ငံရဲ့ မွေးမြူထုတ်လုပ်ပုံတွေကို ဗဟုသုတအနေနဲ့ရရှိသွားမယ်လို့ မျှော်လင့်ပြီးသွားခဲ့ပါတယ်။

မေး။ ဆရာ ဒီညီလာခံကနေ ဘာတွေသင်ယူရရှိနားလည်သဘောပေါက်သွားတယ်ဆိုတာကို ပြောပြပေးပါလားခင်ဗျ။

ဖြေ။ သူတို့က ပျားအမျိုးပေါင်းများစွာရှိပြီးတော့ ၁၃မျိုးဘဲထုတ်လုပ်တာကိုတွေ့ရတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ဒေသမှာတွေ့ရတဲ့ပျားရည်ထုတ်နိုင်တဲ့ပျားက ၄မျိုးဘဲရှိတယ်။ အဲ့ဒီ၄မျိုးထဲမှာမှ ၂မျိုးဘဲရောင်းလို့ရတယ်။ ဒါပေမဲ့ သူတို့စီမှာရှိတာကြတော့ Stingless Beeဆိုတာရှိတယ်၊ ကျွန်တော်တို့စီမှာရှိတယ်၊ ရောင်းရကောင်းမှန်းလည်းမသိဘူး၊ ထုတ်လည်းမထုတ်ဘူးမွေးလည်းမမွေးကြဘူး၊ သူတို့စီမှာစီးပွားဖြစ်မွေးနေတာတွေ့ရတယ်။ မလေးရှားကလည်း မွေးနေတာတွေ့ရတယ်၊ ဖိလစ်ပိုင်လည်း မွေးပြီးစီးပွားဖြစ်ထုတ်နေတာတွေ့ခဲ့ရတယ်၊ အဲ့တာလေးလည်းမဆိုးဘူး၊ အဲ့ပျားတွေကမတုပ်ဘူး၊ ကျွန်တော်တို့ မွေးနေတဲ့ပျားတွေက တုပ်တယ်ကိုက်တယ်ဆိုတော့ နည်းနည်းအထိအခိုက်ရှိတယ်။ ပြီးတော့ ဖိလစ်ပိုင်က ပျားရည်ထုတ်တဲ့နေရာမှာ စနစ်တကျရှိတယ်။ ဥပမာသူတို့ကပျားရည်ကိုသန့်စင်တဲ့အပိုင်းကိုအရင်လုပ်တယ်ဒုတိယအဆင့်အနေနဲ့ရေပါဝင်နှုန်းကိုပြန်လျှော့ချတယ်၊ စက်ကိရိယာနည်းပညာတွေနဲ့ Moisture တွေကိုပြန်လျှော့

ချတယ်။ ကျွန်တော်တို့စီမှာ အဲ့လိုကိရိယာတွေမရှိဘူး၊ ရေပါဝင်နှုန်းဘယ်လောက်ရှိလဲမသိ၊ ရေဘယ်လောက်ကျဲတယ် ရေဘယ်လောက်ပျစ်တယ်ဆိုတာကို မသိကြဘူးပေ့ါနော်။ သူတို့ကျတော့ရေပါဝင်နှုန်းကို လျှော့ချတယ်၊ ပိုးသတ်ပြီးတော့မှအမျိုးအစားခွဲတယ်၊ ပါကင်ထုတ်တယ်၊ ရောင်းတယ်ဆိုတော့ ဝယ်သူတွေကပျားရည်ရဲ့အရည်အသွေးတွေကို တိတိကျကျသိရပြီးတော့ စိတ်ချလက်ချဝယ်လို့ရတယ်။ ကျွန်တော်တို့ကတော့ ဒီအတိုင်းထွက်လာတယ်၊ ဒီအတိုင်းရောင်းတယ်ဆိုတော့ ပျားရည်ရဲ့ အရည်အသွေးကို ဘယ်လိုမှပြောလို့မရဘူး၊ သူတို့စီမှာ ရေပါဝင်နှုန်းဒါက ၂၀ရှိတယ်၊ ဒါက၂၃ရှိတယ်ဆိုပြီး ရောင်းတဲ့ဈေးကွက်မှာ အရည်အသွေးကို ကောင်းကောင်းပြောပြီး ရောင်းတဲ့အခါကျတော့ စနစ်ကျတာပေ့ါ အဲ့လိုမျိုးတွေကို ပြန်လည်အသုံးချပြီးတော့ လုပ်ဆောင်သင့်တယ်ဆိုတာကို သင်ယူရရှိတယ်ပေ့ါ။

မေး။ ဆရာသင်ယူရရှိသွားတဲ့အရာတွေကို ကိုယ့်ရဲ့ ရပ်ရွာဒေသအတွက် ဘယ်လိုပြန်အသုံးချသွားမလဲဆိုတာကို ပြောပြပေးပါလားခင်ဗျ။

ဖြေ။ ကျွန်တော်တို့ သူတို့ရဲ့နည်းစနစ်အတိုင်း သန့်စင်တဲ့အပိုင်းတွေကို ပြန်အသုံချးမယ်ပေ့ါ၊ ကျွန်တော်တို့ ပျားရည်ကကုန်ကြမ်းအဆင့်ဘဲရှိသေးတယ်၊ ကုန်ချောအဆင့်ဖြစ်အောင်လုပ်ပြီးတော့ ဝယ်သူတွေအတွက် အာမခံပိုရှိအောင်ထုတ်လုပ်ရောင်းချပြီးတော့ အရည်အသွေးကိုပြောနိုင်တဲ့ အဆင့်ရောက်ဖို့ ပြန်လုပ်ဖို့လိုတယ်။ သူတို့မွေးတဲ့ဟာတွေကိုတော့ တော်တော်ဗဟုသုတရတယ် ဒါပေမဲ့ ပြန်လုပ်ဖို့ကနည်းနည်းလိုသေးတယ် ပြောရမယ်ဆိုထပ်လေ့လာဖို့ လိုသေးတယ်။

ဥပမာ သူတို့က ဘုရင်မစီမံခန့်ခွဲမှုမှာဆိုရင် ဘုရင်မကိုမွေးမြူပြီးတော့ခွဲထားတယ်တို့ ဘာတို့က ကျွန်တော်တို့က ဗဟုသုတအနေနဲ့ သင်ယူရရှိတယ်၊ ဒါပေမဲ့လက်တွေ့ ပြန်လိုက်လုပ်ဖို့ ကျွန်တော်တို့အနေနဲ့ လိုဦးမယ်ထင်တယ်။ အဲ့တာလေးလည်းထပ်ပြီး ပြန်အသုံးချဖို့လိုမယ်၊ အဲ့တာဆိုရင် ပျားရည်ကိုများများစားစား ပိုထုတ်နိုင်မယ်အခုဟာက ကျွန်တော်တို့က ဘုရင်မတွေကိုပြန်မထိန်းထားနိုင်တော့ သားခွဲတွေအများကြီး တစ်အုံပြီးတစ်အုံ ခွဲထွက်သွားတာတွေ့ရတယ်ပေ့ါနော်၊ အဲ့လိုမျိုးမဖြစ်အောင် ပြန်အသုံးချသွားပါ့မယ်။

မေး။ ဆရာ့အနေနဲ့ နောက်ဆုံးဖြည့်စွက်ပြောကြားချင်တာလေးတွေရှိရင်ပြောပြပေးပါဦးခင်ဗျ။

ဖြေ။ အခုကတော့သူတို့ ဖောင်တစ်ခုထပ်ပို့တယ် အဲ့ဒီ အီးမေးလ်ထဲကနေပြီးတော့ သူတို့ရဲ့ ယူသွားတဲ့ပျားရည်နမူနာကို သုတေသနပြုခာတ်ခွဲစမ်းသပ်ဖို့တောင်းတာပေ့ါနော် ကျွန်တော်ကတော့ ခွင့်ပေးလိုက်တယ် ပြီးရင်အဲ့ဒီရလဒ်တွေကို ကျွန်တော့ကို ပို့ပေးပါလို့ပြောခဲ့တယ်။ သူတို့က သုတေသနသေချာပြုတယ်၊ အဲ့ဒီပျားရည်က ဝတ်ရည်တွေဝတ်မှုန်တွေ ဘယ်ပန်းရဲ့ဝတ်ရည်တွေဝတ်မှုန်တွေဘယ်လောက်ပါလဲဆိုတာသေချာကို လေ့လာတယ်။ ကျွန်တော်တို့စီမှာကျတော့ အဲ့တာတွေလေ့လာဖို့လိုသေးတယ် အဲ့လိုနည်းပညာတွေလည်းမရှိဘူး လေ့လာနိုင်တဲ့စက်ကိရိယာတွေလည်းမရှိသလို နည်းပညာကျွမ်းကျင်တဲ့သူတွေလည်းမရှိတဲ့အခါမှာ ကျွန်တော်တို့ နည်းနည်းတော့ နိုင်ငံတကာအဆင့်မှီအောင်ပျားရည်နဲ့ပက်သက်ပြီးတော့ တော်တော်လုပ်ရဦးမယ်လို့ ထင်တယ်လို့ ပြောချင်ပါတယ်။



## Gaia Natural Products ရောင်းချပေးနေသောနေရာလေးများ

- အပတ်စဉ် တနင်္လာနေ့ (Gaia Green Network ရဲ့အစိမ်းရောင်ဆိုင်လေး) –ဟိုက်ပတ်မှတ်တိုင်အနီး၊ မွန်ဘုရားကျောင်းရှေ့၊ ယိုးဒယားဈေး(ခေါ်)ကရင်ကုန်းဈေး၊ အင်းစိန်။
- အပတ်စဉ် ဗုဒ္ဓဟူးနေ့ (စိမ်းစိုငြိမ်းအေး Organic) ဈေး – ရန်ကုန်၊ အင်းစိန်လမ်း၊ YTU ကျောင်းရှေ့၊ BPI မှတ်တိုင်အနီး။
- အပတ်စဉ် ကြာသပတေးနေ့ (အမှတ် ၂ ဈေး) မြောက်ဥက္ကလာ။
- အပတ်စဉ် သောကြာနေ့ (Consumer Green Market) –မဟာဗန္ဓုလပန်းခြံဘေး၊ မောန္တေလ ကျောင်းလမ်း၊ ရန်ကုန်မြို့ တို့တွင်လည်းအပတ်စဉ်ရောင်းချပေးလျက်ရှိသလို Mobile Sale အနေဖြင့် ၁ လ ၂ကြိမ်နှုန်းဈေးရောင်းကားလေးနှင့်လည်း လိုက်လံရောင်းချပေးလျက်ရှိပါသည်။

## Address

- Gaia Green Co.ltd (No. 41, Pan Oo Yin St, Mayangone Ward (5), Mayangone Township, Yangon, Myanmar).
- Gaia Organization (No.22, Padauk Yeik Nyein St(1), Near Kalar Kyaung Bus Stop, Mayangone, Yangon) တို့တွင်လည်းဝယ်ယူရရှိနိုင်ပါသည်။

Ph: 09-953523531, 09-681778176, 09-420159198, 09-694712127

Facebook Page: Gaia Natural Products တွင်ဝင်ရောက်ကြည့်ရှုအားပေးနိုင်ပါသည်။

## Gaia မှရရှိနိုင်သောထုတ်ကုန်လေးများ

- သဘာဝခေါင်းလျှော်ရည်
- သဘာဝမျက်နှာသစ်ဆပ်ပြာခဲ
- ခြင်ပြေးဖြန်းဆေး
- ကမ်းကော်ပရုပ်ဆီ
- ဘက်စုံသုံးဆပ်ပြာဆီ
- Punchalee Herbal သွားတိုက်ဆေး
- လှိုင်ကော်သံလိုက်ဆီ
- ဗန်းမော်ချဉ်စော်ခါးသီးဖျော်ရည်
- သဘာဝပျားရည်စစ်စစ်
- နေကြာဆီ
- မြေပဲဆီ
- ဆန် စသည်ဖြင့်ရောင်းချပေးလျက်ရှိပါသည်။



# ဌာနေတိုင်းရင်းသားများ၏ သစ်တောအပေါ် အမြင်နှင့် သစ်တော၏အရေးကြီးပုံ

**ပြောကြားသူ – ဆရာထွန်ထန်း**



သစ်တောနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့အတွက် မရှိမဖြစ် လိုအပ်တဲ့ အရာဖြစ်တယ်။ ကျွန်တော်တို့ ဘိုးဘွားဘီဘင်တည်းက သစ်ပင်တွေ အပင်တွေကို မှီခိုနေရတယ်။ အိမ်ဆောက်ဖို့အတွက်ကော၊ ပြီးတော့ သစ်ပင်မှာ အသီးစားရတဲ့ဟာတွေရှိတယ်။ အရွက်စားရတဲ့ ဟာတွေရှိတယ်။ ဆေးဖြစ် ဝါးဖြစ် ဘိန်းနေ့ာဆေးအဖြစ်သုံးတဲ့ ဟာတွေရှိတယ်။ သစ်တောနဲ့ပတ်သက်လို့ အများကြီး ကျွန်တော်တို့ကို အကျိုးပြုတယ်။ သစ်တောကိုပဲ မှီခိုပြီးမှ ကျွန်တော်တို့ က နေထိုင်ရတာ စားသောက်ရတာ၊ ပြီးတော့ သစ်ဥ သစ်ဖုတွေက သူ့ရဲ့သဘာဝ အလျှောက် ပေါက်ရောက်တဲ့ အရာတွေကို ကိုယ့်လုပ်အားနဲ့ကို ရှာပြီးမှ ဝင်ငွေရတဲ့ဟာ လေးတွေလည်းရှိတယ်။ နည်းနည်းပါးပါးပေါ့။ ကျွန်တော်တို့ အတွက် ကတော့ တော်တော်ကို အရေးကြီးတယ်။

ထိန်းသိမ်းတဲ့ အပိုင်းမှာလည်း ကျွန်တော်တို့ တောမခုတ်ရတဲ့ နေရာတွေ မီးမရှို့ရတဲ့ နေရာတွေ ကျွန်တော်တို့က ခွဲခြားသတ်မှတ်ပြီးမှ ဘိုးဘွားဘီဘင် ကတည်းက ထိန်းသိမ်းလာပြီးမှ အဲ့လို သစ်တောကို ကျွန်တော်တို့က နှမြောတယ်။ ထိန်းသိမ်းတယ်။ ချစ်တယ်။ ပြီးရင် အကောင်တွေနဲ့ ပတ်သက်လို့လည်း ကျွန်တော်တို့ တောထဲမှာ ရှိတဲ့ အကောင်တွေကို ကျွန်တော် တို့က နှမြောတယ်။ ထိန်းသိမ်းတယ်။ ဂျီတို့၊ ဆက်တို့၊ ဝက်ဝံတို့၊ ပြီးရင် ပြောရရင်တော့ ဝံပလွေ ကအစပေါ့ သစ်တောထဲမှာပဲ ရှိနေတဲ့အခါကြတော့ ပြီးတော့ ငှက်မျိုးစုံပေါ့ ရစ်ကအစပေါ့ တောကြက်လို့ ခေါ်တဲ့ဟာတွေ အိမ်ကြက်ပုံမျိုးတွေပေါ့ ဒါတွေကို ကျွန်တော်တို့က နှမြောတယ်၊ ထိန်းသိမ်းတယ်။ တောရှိမှ ဒါတွေကလည်း နေနိုင်ကြတာ။ ကျွန်တော်တို့ ဘိုးဘွားဘီဘင် ကစပြီးမှ ဒီတောကို ဘာမလုပ်ရ ညာမလုပ်ရ ဘာသာရေးမယုံအစအရ ထိန်းသိမ်းတာတွေရှိတယ်။ ပြီးတော့ စီးပွားရေးအရ ထိန်းသိမ်းတာတွေရှိတယ်။ တောယာခုတ်ရင်တောင်မှ အကုန်မခုတ်ပါဘူး။

**ပြောကြားသူ – ဆရာအီဇက်**



သစ်တောက ကျွန်တော်တို့ မရှိမဖြစ်လိုအပ်တဲ့ အရာဖြစ်တယ်။ ပြီးတော့လည်း ဒီ သစ်တောကိုပဲ မှီခိုနေရတယ်။ မြေကြီးပေါ်မှာ ပေါက်လာသမျှ အပင်သော်လည်းကောင်း၊ အနွယ်သော်လည်း ကောင်း၊ ဥ သော်လည်းကောင်း၊ အမြစ်သော်လည်ကောင်း၊ ဒါတွေအားလုံးက လူတွေ အားလုံး အတွက် အစာလည်းဆေး ဆေးလည်းအစာပေါ့။ ဒါတွေလည်း အရမ်းအရေးကြီးတယ်။ မရှိမဖြစ်လိုအပ်တဲ့ အရာလို့လည်း ကျွန်တော်မြင်တယ်ပေါ့။ ပြီးတော့ တကယ်လည်း ဟုတ်နေ ပါတယ်လို့။

သစ်တော အဆင့်အတန်းနိမ့်သွားတယ် ဆိုတာကလည်း လူတွေရဲ့ သတိမထားမိတဲ့ အတွက်ကြောင့် လူတွေရဲ့ ဂယက်ကြောင့်လို့လည်း ကျွန်တော် ထင်မိတယ်ပေါ့။ လူတွေက သတိထားမိလို့ရှိရင် ဒါတွေက သူတို့ ကျဆင်းမှုမရှိဘူး လို့ ကျွန်တော်ထင်တယ်။ လူတွေသတိမထားမိတာကြောင့် သစ်တောက တော်တော်လေး ကျဆင်းသွားတယ်။ ဒီသစ်တောမရှိဘူး ဆိုရင်လည်း လူတွေကလည်း ရှိမှာ မဟုတ်ဘူး။ အထူးသဖြင့် ဌာနေတိုင်းရင်းသားတွေက တောမှာ နေလာခဲ့တဲ့ သူတွေ များတဲ့အတွက်ကြောင့် သစ်တောက အရမ်းအရေးကြီးတယ်။ ကျွန်တော်တို့အတွက် အရမ်းအရေးကြီးတယ်။ မရှိမဖြစ်လိုအပ်တဲ့ ဟာလည်းဖြစ်တယ်။

ပြောကြားသူ – ဆလိုင်းမောက်မောက်ကျော်



"သစ်တောဆိုတာ သစ်ပင်တွေနဲ့ အုပ်အုပ်ဆိုင်းဆိုင်းပေါ့။ သစ်တောကအရေးပါတယ်။ သစ်တောဆိုတာရှိရတယ်။ လက်တွေ့ဆိုရင်တော့ ရေပေါ့။ စမ်းရေတွေအတွက် ရှိရတယ်။ နောက်တစ်ခု မီးပေါ့။ တောမီး ဝင်ဖို့အတွက် အဟန့်အတားတစ်ခုပေါ့။ နောက်တစ်ခုက တောင်ယာခုတ်တယ်ဆိုရင်လည်း တောက အရွက်တွေက နှစ်စဉ် ဒီလိုလဲနေမှ မြေဩဇာရတယ်။ အဲ့လို ရိုးရာအရ လက်ခံထားတယ်။

ပတ်ဝန်းကျင်ကို အများကြီး အကျိုးပြုတယ်ပေါ့။ ဒီသစ်တောထဲက ထွက်တဲ့ သက်ရှိတွေ ရွာကမှီခိုလို့ရတဲ့ အစားအသောက်တွေ အများကြီးရှိတယ်။ နေ့စဉ် အသက်ရှင်မှုမှာလည်း ဒီတောထဲက အစားအစာတွေကို ရှာပြီး စားသောက်ကြတယ်။

တိုင်းရင်းသားအနေနဲ့တော့ သစ်တောက အရေးကြီးတယ်ပေါ့။ သူ့ဘဝ လို့ပြောလို့ရတာပေါ့။ ဒီတောတောင်ထဲမှာ မှီတင်းပြီးမှ စားရေးသောက်ရေး နေရေးထိုင်ရေးအတွက် ဒီတောတောင်ကြီးကို မှီခိုတာပေါ့။ ဒါကတော့ တိုင်းရင်းသား ကျွန်တော်တို့ တောင်ပေါ်အနေနဲ့ ပြောတာပေါ့။ "

ပြောကြားသူ – ဆရာအိန္ဒ



သစ်တောဆိုတာက အခြေခံလူတန်းစား အဲ့လိုမပြောချင်လည်း ဌာနေတိုင်းရင်းသားတွေရဲ့ အသက်ရှင်ရာ၊ ခိုကိုးရာ၊ သဘာဝဈေးကြီးပေါ့ အားလုံးရနိုင်တဲ့နေရာပါ။ ပြီးတော့ အသက်ရှင်နေထိုင်ဖို့ ရေ၊ အစားစာ အားလုံးကို အခြေခံအကျဆုံး အရာအားလုံး ကို ပေးတယ်။ ဌာနေတိုင်းရင်းသားများရဲ့ အသက်ရှင်မှီခိုရာသဘာဝဈေးကြီးတစ်ခုဖြစ်သလို ဆက်စပ်နေတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ မျိုးနွယ်စုတွေအတွက်ကလည်း လေကောင်းလေသန့်တွေ၊ ရေတွေရရှိဖို့ အဓိက ပင်မ စက်ရုံကြီး တစ်ခုလို့ပဲ တင်စားချင်ပါတယ်။

သစ်တောကို ကျွန်တော်တို့က အပြန်အလှန် မှီခိုနေရကြတာပေါ့။ ပြီးတော့ အစိုးရတို့ အာဏာရှိသူတွေကနေပြီးတော့ သစ်တောကို ထိန်းသိမ်းကြတာထပ်ဆိုင်ရင် မှီခိုနေကြတဲ့ ဌာနေတိုင်းရင်းသားတွေကပဲ ခေတ်အဆက်ဆက် စောင့်ရှောက်ခဲ့လို့ ဒါက ရှင်သန်နေရတယ်။ သူတို့ကိုယ်တိုင်ပဲ ဓလေ့ထုံးတမ်းတွေနဲ့အညီ သစ်တောတွေကို ထိန်းသိမ်းထားတာက ပိုရေရှည်ခံမယ်ဆိုတာလည်း ပြောချင်ပါတယ်။

သစ်တောဆိုတာက အများပိုင် ဖုံပစ္စည်းတစ်ခုဖြစ်တယ်ပေါ့လေ။ တစ်ဦးတစ်ယောက်ထဲသော်လည်းကောင်း၊ အစိုးရသော်လည်းကောင်း၊ power ရှိတဲ့သူတွေသော်လည်းကောင်း ထိန်းသိမ်းထားစရာ ပစ္စည်းမဟုတ်ဘူးပေါ့။ အဲ့လိုလုပ်တယ်ဆိုရင် ပျက်စီးလွယ်တာပေါ့။ အစိုးရအာဏာရှိသူတွေရဲ့ ဟာကွာ ငါတို့ဟာမဟုတ်ဘူးဆိုပြီးမှ သစ်တောကို တန်ဖိုးမထားတော့ပဲနဲ့ ဖြစ်လာတယ်လေ။ ဒေသခံတွေ ကိုယ်တိုင်ထိန်းသိမ်းထားတဲ့ဟာဆိုရင် သူတို့လေးစားရတဲ့ သူတွေဟာဆိုပြီး ဓလေ့ထုံးတမ်းတွေနဲ့ ထိန်းသိမ်းထားတဲ့အတွက် ပိုပြီး ရေရှည်ခံတယ်။ အစိုးရကြိုးဝိုင်းတို့ အစိုးရစောင့်ရှောက်တဲ့ဟာ များလာလေလေ အဲ့သစ်တောတွေက ပျက်စီးမှုများလာလေလေပေါ့လေ။ သူတို့ကိုယ်တိုင် မဖျက်ဆီးပေမဲ့ တန်ဖိုးထားမှုတွေ စံနှုန်းတွေ လျော့ချသွားတဲ့အတွက် ဒေသခံတိုင်းရင်းသားတွေက သူတို့ တန်းဖိုးမထားတော့ဘူးလေ။



# ဘာကြောင့်

ဌာနေတိုင်းရင်းသားများ ပူပေါင်းပါဝင်တဲ့

# မြေအသုံးချမှုပြ မြေပုံရေးဆွဲရသလဲ


ရေးသားသူ - စောရန်မျိုးအေး

(ပွိုင့်-ရှီးရာဝန်းမြင့်တင်ရေးအဖွဲ့)


တိုင်းရင်းသားတွေက မြန်မာနိုင်ငံအတွင်းမှာ ရှေးယခင်တည်းက တည်ရှိခဲ့ကြပါတယ်။ ဒေသခံ ဌာနေတိုင်းရင်းသားတချို့ရဲ့ ပြောပြချက်အရဆိုရင် “ကျွန်တော်တို့ဘိုးဘေးတွေက မြန်မာဘုရင်လက်ထက်ကတည်းက ဒီနေရာမှာပဲ နေထိုင်လာခဲ့ကြပါတယ်” လို့ ဆိုကြပါတယ်။ ဥပမာအနေနဲ့ ပြက္ခဒိန်အရ ခရစ်သက္ကရာဇ် ၂၀၁၉ခုနှစ်မှာ ကရင်တိုင်းရင်းသားတွေရဲ့သက္ကရာဇ်က ၂၇၅၈ခုနှစ် ဖြစ်ပါတယ်။

ဒါပေမဲ့ သူတို့တွေရဲ့ မြေယာပိုင်ဆိုင်မှုဟာ ခေတ်အဆက်ဆက် ခြိမ်းခြောက်ခံလာ နေရပါတယ်။ ဘုရင်တွေရဲ့ ပဒေသရာဇ် သက်ဦးဆံပိုင်စနစ်၊ အင်္ဂလိပ် ကိုလိုခေတ်၊ ဂျပန်တွေရဲ့ ဖက်ဆစ်စနစ်၊ နအဖ စစ်အစိုးရခေတ်၊ လက်ရှိ ဒီမိုကရေ အကူးအပြောင်းကာလတွေမှာ အုပ်ချုပ်သူတွေရဲ့ အမိန့်၊ ညွှန်ကြားချက်၊ ဥပဒေအသစ်တွေနဲ့ ခြိမ်းခြောက်ခံနေရပါတယ်။

ဌာနေတိုင်းရင်းသား အများစုက သစ်တောတွေ၊ တောတောင်တွေရှိတဲ့ နေရာတွေမှာပဲ နေထိုင်ကြတာများပါတယ်။ ဒါပေမဲ့လဲ မြေနေရာတွေကတော့ အင်္ဂလိပ်ကိုလိုနီခေတ်တည်းက သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ခံရတယ်၊ စစ်ဘေး ပဋိပက္ခတွေကြောင့် ကိုယ့်ရပ်ရွာကိုစွန့်ခွာခဲ့ရတယ်၊လက်ရှိမှာလဲဥပဒေအသစ်တွေကြောင့်လဲ တရားဝင် မြေဆိုင်ခွင့်အတွက် စိုးရိမ်လာနေရပါတယ်။

ဌာနေတိုင်းရင်းသားတွေမှာ ရှေးယခင်ကတည်း မိမိတို့ ရှင်သန်ရပ်တည်ဖို့အတွက် မိရိုးဖလာ ရိုးရာနည်းနဲ့ လုပ်ကိုင်စားသောက်လာတဲ့ နယ်မြေတွေကို မှတ်တမ်းပြုစုခြင်းအားနည်းခဲ့ပါတယ်။ အချို့သော ဒေတွေမှာတော့ ကျေးရွာအုပ်စု/ ကျေးရွာ/ လူမျိုး/ မျိုးနွယ်စု အလိုက် သတ်မှတ်ခဲ့သော ပိုင်နယ်မြေများကို ရိုးရာနည်းဖြင့် မြေပြင်မှာ ကျောက်ပုံ၊ ဘုတ်တိုင်၊ တောင်၊ တောင်ကျော၊ ချောင်း၊ မြောင် များအားဖြင့် သတ်မှတ်ခဲ့ကြပါတယ်။ သို့ပေမဲ့လဲ ယနေ့ခေတ်ကာလ တကမ္ဘာလုံး အသုံးပြုနေတဲ့ ကိုဩဒိနိတ်စနစ်များနှင့် မြေပုံကားချပ်တွေလို မရှိခဲ့ကြပါဘူး။ ဒါကြောင့်လဲ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရရဲ့ စီမံကိန်းများနဲ့ စီပွားရေးလုပ်ငန်းရှင်ကြီးများရဲ့ စီမံကိန်းများ မိမိတို့ ဒေသမှာ လာရောက်လုပ်ကိုင်တဲ့အခါ မြေယာပိုင်ဆိုင်မှုအတွက် အငြင်းပွားဖွယ်ရာတွေ ဖြစ်လာပါတယ်။



ဌာနေတိုင်းရင်းသားတွေက နှစ်ပေါင်းရာထောင်ချီနေထိုင်လာခဲ့ကြသော်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အစိုးရက မြေအားလုံးကို ပိုင်ဆိုင်နေပါတယ်။ မြေယာပိုင်ဆိုင်မှုကို ခြိမ်းခြောက်နေတဲ့ အခြားအရာတွေကတော့ မြေလွတ်၊ မြေလတ်နှင့် မြေရိုင်းဥပဒေ၊ သစ်တောဥပဒေ၊ နည်းဥပဒေ၊ မြေတိုင်း ဥပဒေ (မူကြမ်း) တို့ပဲဖြစ်ပါတယ်။ ဒါပေမဲ့လဲ မြေပုံရေးဆွဲခြင်းကို အထောက်အကူ၊ အကာအကွယ်ဖြစ်စေမဲ့ အရာတွေလဲ ရှိပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့် အလျောက် အပြည်ပြည်ဆိုင်ရာ စံထားတဲ့အရာတွေကို လေးစားရပါတယ်။

စာမျက်နှာ - ၁၂ သို့



photo credit - MPA

# ရာသီဥတု ကပ်ဘေးတိုက်ဖျက်ရေးလှုပ်ရှားမှု
## Climate Strike

၂၀၁၉ခုနှစ် စက်တင်ဘာလ ၂၇ရက်နေ့မှာဆိုရင် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတဲ့ ကျောင်းသား/သူ လူငယ်တွေ၊ အရပ်ဖက်အဖွဲ့အစည်းဝင်တွေက ကမ္ဘာ့ရာသီဥတုကပ်ဘေး တိုက်ဖျက်ရေးလှုပ်ရှားမှုအဖြစ် ရန်ကုန် စမ်းချောင်းမြို့နယ် မြေနီကုန်းကနေလှည်းတန်းအထိ လမ်းလျှောက်ခဲ့တဲ့အစီအစဉ်မှာ ပွိုင့်–ရိုးရာဝန်းကျင်အဖွဲ့ကလည်း တက်ကြွပါဝင်ခဲ့ပါတယ်။

သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းစေမယ့် စီမံကိန်းတွေ၊ ဆင်ခြင်မဲ့တဲ့ သစ်ခုတ်မှုတွေ၊ သစ်ပင်သစ်တော ပြုန်းတီးမှုတွေကြောင့် မိုးခေါင်ရေရှားမှုတွေဖြစ်သလို မုတ်သုံမိုးရာသီမှာ မကြုံစဘူး ရေလွှမ်းမိုး မြေပြိုမှုတွေလို ဆိုးဝါးလွန်းလှတဲ့ သဘာဝဘေးအန္တရာယ်တွေနဲ့ ကမ္ဘာကြီးမှာ ရာသီဥတုကပ်ဘေး တစ်နေ့တခြား ပိုမိုဆိုးရွားလာနေတဲ့ အနေအထားအပေါ် အစိုးရနဲ့ ပြည်သူတစ်ဦးချင်းစီမှာ တာဝန်ရှိတယ်လို့ လှုပ်ရှားသူတွေက လှုံ့ဆော်တိုက်တွန်းကြပါတယ်။




photo credit - MPA

ရာသီဥတုကပ်ဘေးတိုက်ဖျက်ရေးလှုပ်ရှားမှု (Climate Strike Myanmar) ကတော့ လူငယ်တွေ၊ ကျောင်းသားတွေက အဓိကထားဦးဆောင်ပြီး မည်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ လွှမ်းမိုးမှုမျှမရှိဘဲ မိမိ၏ ကိုယ်ပိုင်ရပ်တည်မှုနဲ့ ဘဏ္ဍာရေးအရ လွတ်လပ်အမှီခိုကင်းသည့် လှုပ်ရှားမှုတစ်ရပ်ဖြစ်ပါတယ်။

ဒီလှုပ်ရှားမှုရဲ့ အဓိကရည်ရွယ်ချက်ကတော့ ...

(၁) အစိုးရအနေဖြင့် ရာသီဥတုဆိုင်ရာအရေးပေါ်အခြေအနေကို တရားဝင်အသိအမှတ်ပြုလက်ခံပြီး ထိရောက်လုံလောက်သည့် တုံ့ပြန်ဆောင်ရွက်မှုများ လုပ်ဆောင်ရန်၊

(၂) သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ဖြစ်ပေါ်စေသည့် စီမံကိန်းများ အပြီးတိုင်ဖျက်သိမ်းရန်၊

(၃) ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်သုံးစွဲရေးကို ဦးတည်ရန်၊

(၄) သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် လျှော့ချရေးအတွက် ထိရောက်လုံလောက်စွာ ဆောင်ရွက်ရန်၊

(၅) လူမှုအဖွဲ့အစည်းအားလုံးအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတမှုရရှိရန်၊ စတဲ့အရာတွေအတွက်ဘဲဖြစ်ပါတယ်။



photo credit - MPA

ပွိုင့်–ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့သည်လည်း သဘာဝပတ်ဝန်းကျင်ကို မှီခိုလျှက်ရှိသော ဌာနေတိုင်းရင်းသားအရေးကို အဓိကထား မြှင့်တင်ဆောင်ရွက်ခြင်းနှင့်အညီ၊ ဤ လှုပ်ရှားမှုအစီအစဉ်တွင် တတက်တအား ပါဝင်ခဲ့ပါတယ်။ ဆွီဒင်နိုင်ငံက အသက် ၁၅ နှစ်အရွယ် ကျောင်းသူလေး Greta Thunberg တကိုယ်တော် ဦးဆောင်ခဲ့တဲ့ ရာသီဥတုကပ်ဘေးဆိုင်ရာ လှုပ်ရှားမှုကနေ ဖြစ်တည်လာတဲ့ ကမ္ဘာလုံးဆိုင်ရာ ဥတုရာသီကပ်ဘေးဆိုင်ရာ လှုပ်ရှားမှုကြီးမှာ ပူးပေါင်းပါဝင်ခဲ့တဲ့ ဒီကနေ့ ရန်ကုန်မြို့က ရာသီဥတုကပ်ဘေး တိုက်ဖျက်ရေး လှုပ်ရှားမှုဟာ ရှစ်ကြိမ်မြောက် လှုပ်ရှားမှုလည်း ဖြစ်ပါတယ်။

ဒီလှုပ်ရှားမှုဟာကမ္ဘာတစ်ဝှမ်းလုံးမှာပြုလုပ်နေတဲ့စက်တင်ဘာလ ၂၂ရက်နေ့ကနေ ၂၇ရက်နေ့အထိပြုလုပ်တဲ့ကမ္ဘာ့ရာသီဥတုကပ်ဘေးတိုက်ဖျက်ရေးလှုပ်ရှားမှုအတွက် မြန်မာနိုင်ငံကလည်း ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ တချိန်ထဲမှာဘဲ တစ်ကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံပေါင်း ၁၅၀ ကျော်က လူလေးသန်းလောက်ဟာ ဒီလိုလှုပ်ရှားမှုတွေကို တက်ကြွဆောင်ရွက်ခဲ့ကြပါတယ်။

"ဘာကြောင့် ဒေသခံ ဌာနေတိုင်းရင်းသားများ ပူပေါင်းပါဝင်တဲ့ မြေအသုံးချမှုပြမြေပုံရေးဆွဲရသလဲ" စာမျက်နှာ ၁၀ မှအဆက်

- ၂၀၀၇ UNDRIP ကမ္ဘာ့ကုလသမဂ္ဂ၏ "ဒေသခံဌာနေတိုင်းရင်းသားများဆိုင်ရာ အခွင့်အရေးကြေငြာစာတမ်း"
- ၂၀၁၂ ရပ်/ကျေး အုပ်ချုပ်ရေးဥပဒေ (အုပ်ချုပ်မှုယန္တရား၏လုပ်ပိုင်ခွင့် ပုဒ်မ ၁၂၊ ၁၃)
- ၂၀၁၅ တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ
- ၂၀၁၆ အမျိုးသား မြေအသုံးချမှုမူဝါဒ အခန်း(၈) တိုင်းရင်းသားလူမျိုးများ၏ မြေအသုံးချမှု အခွင့်အရေးများ
- ၂၀၁၉ နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေက မြေပုံရေးဆွဲခြင်းလုပ်ငန်းတွေကို အကာအကွယ်ပြု ထောက်ပံ့ပေးနေပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ပွိုင့်အဖွဲ့အနေနဲ့ ဒေသခံဌာနေတိုင်းရင်းသားတွေရဲ့ မိရိုးဖလာအရ ရိုးရာဓလေ့အတိုင်းပိုင်ဆိုင်လာခဲ့တဲ့ ပိုင်နက်နယ်မြေတွေကို မြေပုံအားဖြင့် ပြန်လည်ဖော်ထုတ်ပေးနေပါတယ်။ ဒီလိုဖော်ထုတ်တဲ့အခါမှာလဲ ပွိုင့်အဖွဲ့မှ ၎င်းတို့ရဲ့ ပိုင်နက်နယ်မြေများကို လိုက်လံ သတ်မှတ်ခြင်းမဟုတ်ဘဲ ဒေသခံဌာနေတိုင်းရင်းသားတွေရဲ့ မြေပြင်အမှတ်အသားများအရသော်၎င်း၊ စာရွက်စာတမ်းများအရသော်၎င်း၊ မှတ်တမ်းရှိသရွေ့ လိုက်လံဖော်ထုတ်နေခြင်း ဖြစ်ပါတယ်။ ဒီလိုဖော်ထုတ်တဲ့ အခါမှာလဲ နယ်နိမိတ်ခြင်းထိစပ်လျက်ရှိတဲ့ အိမ်နီးချင်းရွာများရဲ့ အတည်ပြုချက်ရယူပြီးတော့ နယ်နိမိတ်တွေကို အတည်ပြုရပါမယ်။

ဒေသခံဌာနေတိုင်းရင်းသားတွေရဲ့ မိရိုးဖလာနည်းနဲ့ လုပ်ကိုင်စားသောလာတဲ့ အလှည့်ကျအနားပေး ရွှေ့ပြောင်းတောင်ယာနဲ့ ဥယျာဉ်ခြံ စိုက်ပျိုးခြင်းတွေက သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေခြင်းမျိုးမဟုတ်ဘဲ ရေရှည်တည်တံ့တဲ့ နည်းဖြင့် မြေယာအသုံးချမှုများရှိနေတယ်ဆိုတာတွေကို မြေအသုံးချမှုပြ မြေပုံများအားဖြင့် ပြန်လည်ဖော်ထုတ်ပေးနေတာပါ။ ဒီလို မြေအသုံးချမှုပြမြေပုံများအားဖြင့် ၎င်းတို့ရဲ့မြေနေရာများဟာ မြေလွတ်မြေလပ်မြေရိုင်းများမဟုတ်ကြောင်း ပိုင်ရှင်ရှိသော မြေများဖြစ်ကြောင်း သက်သေပြစရာ အထောက်အထားတခု ဖြစ်လာမှာပါ။ နယ်နိမိတ်ခြင်းစပ်ဆက်လျက်ရှိတဲ့ ရွာတွေအားလုံးကို ပူးပေါင်းပါဝင်စေခြင်းကလဲ မြေယာပိုင်ဆိုင်မှုကို ကာကွယ်ဖို့အတွက် စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပြီးသားလဲဖြစ်ပါတယ်။

မြေပုံရေးဆွဲခြင်းအားဖြင့် မိမိတို့ရဲ့ သဘာဝအရင်းအမြစ်များနဲ့ မြေအသုံးချမှုကိုလဲ စနစ်တကျစီမံခန့်ခွဲလို့ရပါတယ်။ ဥပမာ ရေထိန်းတောများ၊ ရေဝင်ရေလဲဧရိယာများ၊ စိုက်ခင်းဧရိယာ၊ ရာသီအလိုက် ဘေးမဲ့တောများ သတ်မှတ်ခြင်း လုပ်ဆောင်လို့ရပါတယ်။ နောက်ပြီးတော့ မိမိတို့ရဲ့ ပထဝီဝင်ဆိုင်ရာအချက်အလက်တွေဖြစ်တဲ့ ပိုင်နက်ဧရိယာအကျယ်အဝန်းတွေ ကိုဩဒိနိတ်အားဖြင့် တည်နေရာတွေ၊အမြင့်တွေကိုလဲသိရှိရမှာပါ။နောင်လာနောင်သားတွေကိုလဲ လက်ဆင့်ကမ်းဖို့လဲ အထောက်အကူဖြစ်စေပါတယ်။

# အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများနေ့ ဂုဏ်ပြုစက်ဘီးစီးနင်းပွဲ






၂၀၁၉ခုနှစ်၊ ဩဂုတ်လ ၉ရက်နေ့တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့ကို ဂုဏ်ပြုသောအားဖြင့် ပွိုင့်မှဦးဆောင်ကျင်းပသော ရန်ကုန်-ပဲခူး စက်ဘီးစီးနင်းပွဲကို ၂၀၁၉ခုနှစ်၊ ဩဂုတ်လ ၁၀ရက်နေ့တွင် ကျင်းပပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ ထိုပွဲတွင် ဦးဆောင်ပါဝင်စီးနင်းခဲ့သော အစိမ်းရောင်စက်ဘီးစီးနင်းသူများအဖွဲ့(Green Bike)မှ တစ်ဦးကို ယခုလိုမေးမြန်းခဲ့ပါသည်။

**မေး။** အစ်ကို့ရဲ့နာမည်လေးကိုသိပါရစေခင်ဗျ။

**ဖြေ။** မင်္ဂလာပါ ကျွန်တော့နာမည် ဟိန်းရာဇာပါ။

**မေး။** ဒီစက်ဘီးစီးနင်းပွဲလေးကို ဝင်ရောက်ပါဝင်စီးနင်းရတဲ့ အကြောင်းလေးကိုပြောပြပေးပါလားခင်ဗျ။

**ဖြေ။** အဓိကတော့ ဒီနေ့ကျွန်တော်တို့ (၉)ရက်နေ့မှာကျရောက်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့အတွက် စီးဖြစ်ခြင်းဖြစ်တယ်ပေါ့နော်၊ ဌာနေတိုင်းရင်းသားတွေရဲ့ အရေးပါအရာရောက်မှု သူတို့ရဲ့တည်ရှိမှုတွေကို ကျွန်တော်တို့အသိအမှတ်ပြုတဲ့အနေနဲ့ ဝင်ရောက်ပါဝင် စက်ဘီးစီးနင်းခြင်းဖြစ်ပါတယ်။

**မေး။** စက်ဘီးစီးနင်းပွဲကလေးကို ဘယ်နှစ်ယောက်ပါဝင်ဆင်နွှဲဖြစ်ကြလဲ။

**ဖြေ။** ဒီစက်ဘီးစီးနင်းပွဲလေးကို ၄၈ ရောက်ပါဝင်စီးနင်းကြပါတယ်။ စီးတာကျတော့ ရန်ကုန်ကနေစထွက်လာတယ် ပဲခူးမြို့အထိပေါ့၊ စုစုပေါင်း ၄နာရီကြာမြင့်ပါတယ်။

**မေး။** ဘယ်လိုစုဖွဲ့ပြီးစီးနင်းခဲ့ကြတာလဲကိုပြောပြပေးပါလားခင်ဗျ။

**ဖြေ။** စီးတဲ့အထဲမှာတော့ မတူတဲ့တိုင်းရင်းသားလူမျိုးစုတွေပါသလိုတစ်ခြားအဖွဲ့အစည်းတွေလည်းပါတယ်ပေါ့နော် အဲ့လိုမျိုးစုပေါင်းစီးနင်းကြတာဖြစ်တယ်၊ တစ်သင်းတစ်ဖွဲ့ကလုပ်တာ မဟုတ်ဘဲ အားလုံးစုပေါင်းစီးတဲ့အစီအစဉ်ဖြစ်ပါတယ်။

**မေး။** အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့ကို ဂုဏ်ပြုသောအားဖြင့်စက်ဘီးပါဝင်စီးနင်းတဲ့အခါဘယ်လိုအကျိုးကျေးဇူးတွေရရှိသွားနိုင်သလဲဆိုတာကို ပြောပြပေးပါလားခင်ဗျ။

**ဖြေ။** ပထမအချက်အနေနဲ့ပြောချင်တာကတော့ အဓိက က စီးနင်းတဲ့သူတွေကိုယ်တိုင် စီးနင်းဖြစ်ရတဲ့အကြောင်းလေးကို သေချာသိပ်မသိကြသေးဘူး အဲ့တာကြောင့် စတင်စီးနင်းခါနီးမှာ အကုန်လုံးကိုသေချာရှင်းပြတယ်၊ ရှင်းပြလိုက်တော့ လိုက်ပါစီးနင်းတဲ့သူတွေ အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများနေ့ရှိတယ်ဆိုတာ သတိပြုစေမိတယ် အဲ့တာက နံပါတ် ၁ အချက်ပေါ့နော်၊ နောက်တစ်ချက်က ဘာဘဲပြောပြော ကျွန်တော်တို့ကလမ်းတစ်လျှောက်မှာ အဖွဲ့လိုက်စီးလာတာဖြစ်တဲ့အတွက် လူတွေရဲ့ အာရုံစိုက်မှုတွေကိုရတာပေါ့နော် ဒီအဖွဲ့တွေဒီနေ့မှာ ဘာလို့တူညီဝတ်စုံတွေနဲ့ စက်ဘီးစီးကြတာလဲပေါ့ ကျွန်တော်တို့ တူညီဝတ်စုံမှာပါတဲ့ စာတွေကိုတွေ့မိသွားခြင်းဖြင့် ဒီနေ့ဟာ ဘာနေ့လည်းဆိုတာကို လူအများကိုသတိပြုမိစေတဲ့ အကျိုးကျေးဇူးလေးတွေရရှိတာပေါ့နော်။

**မေး။** ဖြည့်စွက်ပြောကြားချင်တာလေးတွေရှိရင် ပြောပြပေးပါလားခင်ဗျ။

**ဖြေ။** အဓိကတော့ မြန်မာနိုင်ငံမှာ လက်ရှိဌာနေတိုင်းရင်းသားတွေရဲ့အခြေအနေကို အာလုံးသိရှိမဲ့အနေအထားတော့ ဖြစ်ကောင်းဖြစ်နိုင်တယ် အခြေအနေက ဘယ်လိုမှနိုင်ငံမှာ အသိအမှတ်ပြုခံရမှုက လက်ရှိအချိန်မှာအားနည်းနေသေးတယ် တစ်ချို့ကအတိုက်အခိုက်တွေတောင်ရှိနေသေးတယ်၊ ဒါကြောင့်ဌာနေတိုင်းရင်းသားတွေအတွက်ရပ်တည်ပေးကြပါ၊ ဒီနိုင်ငံမှာရှိတဲ့ နိုင်ငံသူနိုင်ငံသားအချင်းချင်းလက်တွဲပြီးတော့ ဌာနေတိုင်းရင်းသားဖြစ်ဖြစ် မည်သည့်တိုင်းရင်းသားမဆို မြန်မာနိုင်ငံမှာမှီတင်းနေထိုင်တဲ့သူတွေအားလုံး အကောင်းဆုံးလက်တွဲချိတ်ပြီးတော့ရှေ့ဆက်ကြရအောင်လို့ ပြောချင်ပါတယ်ခင်ဗျ။

# "ဝါးလက်မှုသင်တန်းမှ ဝါးအကြောင်း သိကောင်းစရာအချို့များ"



ကိုး ကား ချက်
(Facebook)

ရန်ကုန်တိုင်း/ မှော်ဘီမြို့နယ်/ ဝါးနက်ချောင်းကျေးရွာအုပ်စု/ရေတာရှည်ကျေးရွာ(မကျည်းလွင်ပြင်ခြံ)တွင် ကျင်းပပြုလုပ်လျှက်ရှိသော ဝါးလက်မှုသင်တန်းလေးကိုတော့ နိုဝင်ဘာလ ၂၆ရက်နေ့မှ ဒီဇင်ဘာ ၁၅ ရက်နေ့အထိ ပြုလုပ်ခဲ့ပါတယ်။

၎င်းသင်တန်းကိုတော့ ပွိုင့် – ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့နှင့် အလင်းအိမ်မိသားစုတို့မှ ပူးပေါင်းပြုလုပ်ခဲ့တာဖြစ်ပြီး အဓိကသင်တန်းပို့ချသည့် ဆရာများကတော့ ဝါးပညာရှင်ဆရာဇော်လွင်ဦး၊ အကူဆရာ ဆရာဝင်းဆွေနှင့် ဆရာတင်မောင်ဆွေတို့မှ သင်ကြားပို့ချခဲ့တာဖြစ်ပါတယ်။

ဒီဝါးလက်မှုသင်တန်းမှ ဆရာဇော်လွင်ဦးရဲ့ သင်ကြားပို့ချချက်များမှ အချို့သော အချက်များအားကောက်နုတ်ဖော်ပြလိုက်ပါတယ်။

ကမ္ဘာပေါ်တွင် ဝါးမျိုးရင်းပေါင်း ၇၅မျိုးခန့်ရှိပါတယ်။ ဝါးမျိုးစိတ်ကတော့ ၁၂၅၀ခန့်ရှိပါတယ်။ ထိုအတွင်းမှာမှ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံသည် ဝါးမျိုးရင်း ၂၃မျိုးရှိပြီး ဝါးမျိုးစိတ် ၁၀၂မျိုးခန့်ရှိကာ ကမ္ဘာပေါ်မှာ ဝါးမျိုးစိတ်အများဆုံး တတိယနိုင်ငံလည်းဖြစ်ပါတယ်။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံတွေမှာတော့ ဝါးကို အမျိုးမျိုးတင်စားပြီးခေါ်ဝေါ်လေ့ရှိပါတယ်။

မြန်မာနိုင်ငံ = "ရွှေစိမ်း"
တရုတ် = "ပြည်သူ/သားတို့၏သူငယ်ချင်း"
ဗီယက်နမ်= "အကို"
အိန္ဒိယ= "ဆင်းရဲသားတို့၏သစ်"
ဘင်္ဂလားဒေ့ရှ်= "ဆင်းရဲသားတို့၏သစ်" စသဖြင့် အမျိုးမျိုးတင်စားခေါ်ဝေါ်ကြပါတယ်။

ဝါးတွင်ရေပါဝင်မှု့များသောကြောင့်ပိုးထိုးခြင်းနှင့် မှိုတက်ခြင်းများဖြစ်လေ့ရှိပါတယ်။

"ဝါးတွင်ရေပါဝင်မှု"

၁။ ဝါးလုံးအစိမ်း =၈၀%
၂။ ဝါးလုံးအခြောက်= ၁၅.၇%
၃။ သဘာဝလေ/ နေရောင်ခြည်တို့ဖြင့် အခြောက်ခံထားသောဝါး = ၁၀.၁၂%
၄။ ၁၀.၁၂% အောက် အခြောက်ခံထားသောဝါးသည်အကောင်းဆုံးဖြစ်ပြီး ပိုးထိုးခြင်းနှင့် မှိုတက်ခြင်းကင်းလွတ်ကာ ဝါးကို တာရှည်ထားနိုင်စွမ်းရှိပါတယ်။

"ဝါးတွင်ပါဝင်သောဓာတုပစ္စည်းများ"

၁။ ပရိုတင်းဓာတ် = ၁.၅မှ. ၆.၀%
၂။ ကာဗွန်ဟိုက်ဒြိတ်ဓာတ် = ၂.၀%
၃။ အက်ဆစ်ဓာတ် = ၂.၀မှ ၆.၀
၄။ ဖယောင်းဓာတ် = ၂.၀မှ၄.၀
၅။ ကစီဓာတ် = ၂.၀မှ ၄.၀တို့ဖြစ်ပါတယ်။

ဝါးပိုးထိုးခြင်းနှင့် မှိုတက်ခြင်းကို ဖြေရှင်းနိုင်မည့်နည်းလမ်းနှစ်မျိုးရှိပါသည်။ ၎င်းမှာမှဓာတုနည်း (၂)မျိုးနှင့် သဘာဝနည်း(၇)မျိုးတို့ဘဲ ဖြစ်ပါတယ်။

"ဓါတုနည်း(၂)မျိုး"

၁။ ဘောရစ်-ဘောရက်-ရေ

၂။ $H_2O_2$(ဟိုက်ဒရိုဂျင်ပါဝါအောက်ဆိုဒ်)တို့ဖြစ်ပါတယ်။

သဘာဝနည်း(၇)မျိုး

၁။ ရေနှင်ဆားရောစ၍ပြုတ်တဲ့နည်း

၂။ ရေ/ဆား/ကျောက်ချဉ်ရောစ၍ပြုတ်တဲ့နည်း

၃။ တမာစေးနှင့် ရေရောစ၍ပြုတ်တဲ့နည်း

၄။ ပင်လယ်ရေသို့မဟုတ် ရေချိုတွင်စိမ်ခြင်း

၅။ တန်ဆောင်းပုန်းလကွယ်တွေမှာခုတ်ခြင်း

၆။ နေရောင်ခြည်မရှိသည့်အချိန်တွေမှာခုတ်ခြင်းနှင့်

၇။ အပင်အား အပြတ်မခုတ်ပဲ ချန်လှပ်၍ခုတ်ခြင်းတို့ဘဲ ဖြစ်ပါတယ်။

ထို့အပြင် ဝါးလက်မှုပညာသည် မြန်မာ့ရိုးရာအခြေခံလေးမျိုးဖြစ်သည့် ကနုတ်/ နရီ/ ကပီ/ ဂဇါ စသည်တို့နှင့် စပ်ဆက်မှုရှိခြင်းကြောင့် ပန်းဆယ်မျိုးထဲတွင်ပါဝင်ကြောင်း ဝါးပညာရှင်ဆရာဇော်လွင်ဦးမှ ရှင်းလင်းပြောကြားခဲ့ပါတယ်။



ထို့အပြင် တက်ရောက်ပါဝင်လာကြသော သင်တန်းသူ သင်တန်းသားများထဲမှ တစ်ဦးဖြစ်သူအား ဤဝါးလက်မှုသင်တန်းတက်ရခြင်းအကြောင်းကို ယခုလိုဘဲ မေးမြန်းခဲ့ပါတယ်။

မေး။ ဆရာမရဲ့နာမည်နဲ့ရပ်ရွာဒေသကိုပြောပြပေးပါလားခင်ဗျ။

ဖြေ။ ကျွန်မနာမည်ကတော့နော်မိုးမိုးအောင်ဖြစ်ပါတယ်။ကရင်ပြည်နယ်၊သံတောင်ကြီးမြို့နယ်၊လိပ်သိုမြို့နယ်ခွဲ၊ကျောက်ဖြာကျေးရွာမှနေထိုင်ပါတယ်။

မေး။ ဆရာမ ဒီဝါးလက်မှုသင်တန်းကို တက်ရောက်ရတဲ့အကြောင်းလေးကိုပြောပြပေးပါလားခင်ဗျ။

ဖြေ။ ဒီသင်တန်းကို တက်ရောက်ဖြစ်တာကတော့ ဝါးလက်မှုပညာရပ်ကိုစိတ်ဝင်စားလို့ပါ။

မေး။ ဆရာမဒီသင်တန်းကို မတက်ရောက်ခင်ဘာတွေကို မျှော်လင့်ထားခဲ့သလဲဆိုတာကိုပြောပြပေးပါလားခင်ဗျ။

ဖြေ။ ဝါးလက်မှုပညာရပ်ကို ကျွမ်းကျင်ပိုင်နိုင်အောင်တတ်မြောက်လာဖို့မျှော်လင့်မိခဲ့ပါတယ်။

မေး။ ဆရာမ ဝါးလက်မှုပညာရပ်သင်တန်းကနေ ဘာတွေသင်ယူရရှိသွားသလဲဆိုတာကိုပြောပြပေးပါလားခင်ဗျ။

ဖြေ။ ဒီသင်တန်းကနေပြီးတော့ ဝါးကိုတန်ဖိုးမြင့်ပစ္စည်းဖြစ်အောင်ထုတ်လုပ်နိုင်ကြောင်း သင်ယူရရှိပါတယ်။ ဝါးရဲ့တန်ဖိုးတွေကိုလည်း အရင်ထက် ပိုမိုသိရှိနားလည်လာရပါတယ်။

မေး ။ဆရာမဒီသင်တန်းကနေ သင်ယူရရှိနားလည်သဘောသွားသွားတာတွေကို မိမိရပ်ရွာဒေသမှာ ဘယ်လိုပြန်အသုံးချသွားမလဲဆိုတာကို ပြောပြပေးပါလားခင်ဗျ။

ဖြေ။ သင်ယူရရှိသွားတဲ့အရာတွေကို ဒေသအတွက်တပိုင်တနိုင်ဆင့်ပွားခြင်းသော်လည်းကောင်း လက်တွေ့ပြုလုပ်အသုံးချခြင်းဖြင့်၎င်းပြန်လည်အသုံးချသွားမှဖြစ်ပါတယ်။

မေး။ ဆရာမနောက်ဆုံးအနေနဲ့ ဖြည့်စွက်အကြံပေးပြောချင်တာလေးတွေရှိပါသလားခင်ဗျ။

ဖြေ။ ပွိုင့်အဖွဲ့ကို အထူးကျေးဇူးတင်ပါတယ်။ အခုလိုမျိုးကျွန်မတို့ဒေသမှာရှိတဲ့ ဝါးတွေကိုဘယ်လိုအသုံးချရမလဲ။ ဘာတွေထုတ်လို့ရလဲသိရှိအောင် သင်တန်းဖွင့်လှစ်ပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်။ ဖြည့်စွက်အကြံပေးချင်တာကတော့ခုလိုဝါးလက်မှုပညာရပ်ကို နယ်မှာလဲဆက်လက်ဖွင့်ပေးမယ်ဆိုရင်ပိုပြီး ဒေသခံတွေစိတ်ပါဝင်စားမှုရှိမယ်လို့ပြောချင်ပါတယ်။

**ZERO TOLERANCE INITIATIVE**

WORKING TO END VIOLENCE AND KILLINGS IN SUPPLY CHAINS

# ဂျီနီဗာ ကြေငြာစာတမ်း

## လိုက်လျောမှုလုံးဝမရှိသော

ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏လူ့အဖွဲ့အစည်းများတွင် ခံစားနေရသောအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ရှုထောင့်အမြင်များကို ဖလှယ်ရန်၊ အတွေ့အကြုံများကိုဝေမျှရန်နှင့် အရေးယူဆောင်ရွက်ရန် အတွက် အဆိုပြုလွှာများအား တင်သွင်းရန်ရည်ရွယ်၍ ကျွန်ုပ်တို့ သို့မဟုတ် ဌာနေတိုင်းရင်းသားလူမျိုးများ၊ ကျေးရွာဒေသနှင့် အာဖရိကအနွယ်ဝင် အမေရိကန်များ (Afro-Descendent) ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူ့အခွင့်အရေးနှင့် ကမ္ဘာလုံးဆိုင်ရာပတ်ဝန်းကျင်အတွက် ကာကွယ်လှုပ်ရှားသူများအနေဖြင့် ကျွန်ုပ်တို့၏ မဟာမိတ်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများနှင့်အတူ ဂျီနီဗာမြို့တွက် လာရောက်စုပေါင်းကြပါသည်။

ကျွန်ုပတို့ ဂျီနီဗာသို့ခရီးဆန့်ခဲ့ရခြင်းမှာ ကျွန်ုပ်တို့၏တောင်းဆိုကြွေးကြော်သံကို ကုလသမဂ္ဂဆိုင်ရာ စီပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာဖိုရမ်တွင်ရှိသော နိုင်ငံများ၊ ကုမ္ပဏီများမှ နားကြားကြနိုင်မည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် တစ်ကမ္ဘာလုံးတွင်ရှိသည့် မိမိတို့၏ မြေနှင့် ပတ်ဝန်းကျင်များအား ကာကွယ်ရန်အတွက် ကြိုးပန်းနေကြသော ကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နှမများနှင့် ကျွန်ုပ်တို့ လက်တွေ့တွင် ရင်ဆိုင်နေရသော တိုက်ပွဲအား တားဆီးနိုင်ရန်အတွက် ထိရောက်သောခံဝန်ကတိနှင့် ဆောင်ရွက်ချက်များအား သဘောတူညီမှုရှိပြီး အကောင်အထည်ဖော်ဆောင်ရန်အတွက်ဖြစ်သည်။

၂၀၁၈ ခုနှစ်သည် ကုလသမဂ္ဂ လူ့အခွင့်အရေးကာကွယ်သူများ၏ကြေညာစာတမ်းနှစ် (၂၀) ပြည့်နှစ်ပတ်လည်ဖြစ်သည်။ ထိုအချိန်မှစ၍ ယင်းလူ့အခွင့်အရေးကာကွယ်သူများအား အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကဆိုင်ရာအဖွဲ့အစည်းများမှ ကာကွယ်စောင့်ရှောက်ပေးရန် ကြိုးပမ်းဆောင်ရွက်မှုများသည် ယခင်ကထက် အဆပေါင်းများစွာ ပွားများလာခဲ့ပါသည်။ သို့သော် အခြားတစ်ဘက်တွင်လည်း ယင်းလူ့အခွင့်အရေးကာကွယ်သူများအား တိုက်ခိုက်သည့် အဖွဲ့အစည်းများ၊ ယင်းတို့အပေါ် ပြစ်မှုကျူးလွန်ခြင်းများ၊ အနိုင်ကျင့်ဖိအားပေးမှုများ၊ ခြိမ်းခြောက်မှုများနှင့် သတ်ဖြတ်မှုများလည်း တိုးပွားလာခဲ့ပါသည်။

ထိုအရာများ လုံးဝရပ်တန့်ပစ်ရမည်ဖြစ်ပြီး ကျွန်ုပ်တို့သည့် ဂျီနီဗာသို့ လာခဲ့ရခြင်းမှာ အောက်ပါအကြောင်းအရင်းများကြောင့် ဖြစ်သည်။ စိတ်အားထက်သန်စွာဖြင့် ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်များကို ပိုမိုတိုးတက်ရန်ဆောင်ရွက်ပြီး ပြည်နယ်နှင့် စီးပွားရေးလုပ်ငန်းများအတွက် တာဝန်ခံနိုင်ရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်၊ မဟာမိတ်များနှင့် ပိုမိုအားကောင်းစေပြီး လူ့အခွင့်အရေးအတွက် ထောက်ခံပြီး ကာကွယ်ပေးနေသော၊ မိမိကိုယ်ကို၊ မိမိတို့၏ နယ်နမိတ်များနှင့် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်အား ကာကွယ်ပေးနေသော လူမှုရေးလှုပ်ရှားမှုများ၊ ဌာနေတိုင်းရင်းသားများ၊ ကျေးလက်ဒေသရှိ ခေါင်းဆောင်များ အစရှိသော ကျွန်ုပ်တို့နှင့် ရည်ရွယ်ချက်ခြင်းတူသည့် အခြားအဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုရန် ဖြစ်သည်။

ကျွန်ုပ်တို့ တစ်ဦးခြင်းစီသော်လည်းကောင်း၊ အဖွဲ့အစည်းအားဖြင့်သော်လည်းကောင်း၊ ကျွန်ုပ်တို့၏ မြေနှင့် နယ်နမိတ်များကို ကာကွယ်ရန်အတွက် ဆောင်ရွက်သော လှုပ်ရှားမှုများကြောင့် ကျွန်ုပ်တို့ဟာဆိုရင်ဖြင့် ခြိမ်းခြောက်မှုကိုခံရတယ်၊ ဖိနှိပ်မှုကို ခံရတယ်၊ တရားဝင်မဟုတ်ဟု သတ်မှတ်ခံရတယ်၊ ရာဇဝတ်မှုကျူးလွန်သူများ အဖြစ်ရှုမြင်ခံရတယ်၊ အသိမှတ်မပြုကြဘူး၊ ပြန်ဘေးစွဲခံရတယ် ပြီးတော့ သတ်ဖြတ်ခြင်းကိုပါ ခံရကြတယ်။ ကျွန်ုပ်တို့ဟာဆိုရင်ဖြင့် ဖွံ့ဖြိုးမှုရဲ့ ရန်သူများ၊ အကြမ်းဖက်သူများနှင့် ရာဇဝတ်ကောင်များဟူ၍ မှားယွင်းစွာ အမည်ပေးပြီး အရှက်ခွဲခြင်းခံခဲ့ရပါတယ်။

ကျွန်ုပ်တို့အပေါ် ကျူးလွန်မှုများအား ပြန်လည်ကုစားရန်အတွက် လွန်စွာမှခက်ခဲလှပါသည်။ ကျွန်ုပ်တို့အား ကာကွယ်ပေးရမည့်အစား ကျွန်ုပ်တို့အား တိုက်ခိုက်ရန်အတွက် ဥပဒေကို အသုံးချခဲ့သည်ကိုလည်း တွေ့ကြုံခဲ့ရ ပါသည်။ နိုင်ငံတော်မှ ထိုကိစ္စရပ်အများစုအား မသိကျိုးကျွံပြုထားသည် (သို့မဟုတ်) ကျွန်ုပ်တို့၏ အခွင့်အရေးဆိုင်ရာများတွင် စိတ်ဝင်စားမှုမရှိခဲ့ပါ။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် မြေနှင့် နယ်နမိတ်များအား အသိပေးခြင်းအရှိဘဲ သို့မဟုတ် အနည်းငယ်မျှသာအသိပေးပြီး စီးပွားရေးဇုန်များအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

ကျွန်ုပ်တို့ ကြုံတွေ့ခဲ့ရသော ခြိမ်းခြောက်မှုများတွင် တရားမဝင်၊ ချမှတ်ထားသော (သို့) အရင်းအမြစ်များအား ထိန်းသိမ်းမှုမရှိဘဲ သုံးစွဲနေခြင်း၊ စီးပွားရေးအတွက် စိုက်ပျိုးမြေများအား ထိခိုက်လာသည်အထိ အဆမတန်ချဲ့ထွင်လာခြင်း၊ စက်ရုံများ၏ ထုန်လုပ်သုံးစွဲမှုများနှင့် ၎င်းတို့ဖြင့် သက်ဆိုင်သောလမ်း၊ အဆောက်အဦးများ၊ အခြား အခြေခံအဆောက်အအုံနှင့် စွမ်းအင်စီမံကိန်းများ အပေါ်တွင် ဆန္ဒဖော်ထုတ်ခြင်းများမှ ကျွန်ုပ်တို့အား အသံတိတ်သွားစေရန်အတွက် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ အကြမ်းဖက်မှုများလည်းပါဝင်ပါသည်။

**ကျွန်ုပ်တို့အား ခြိမ်းခြောက်၊ အကြမ်းဖက်နေရခြင်း၏ အခြေခံကျသော အကြောင်းအရာများအား ဖြေရှင်းရန် တိုက်ရိုက်နှင့် ထိရောက်သောအရေးယူမှုများ ပြုလုပ်ရန်အရေးတကြီးလိုအပ်နေပါသည်။**

အဓိက အခြေခံအကြောင်းအရင်းမှာ ကျွန်ုပ်တို့၏ ခွင့်အရေးများအား အသိမှတ်ပြုရန် ပျက်ကွက်ခြင်းဖြစ်သည်။ ထိုအကြောင်းအရာများထဲတွင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများဖြစ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့် မြေပိုင်ဆိုင်ခွင့်၊ နယ်မြေ၊ အရင်းအမြစ်နှင့် ပေးကမ်းခွင့် (သို့) ခွင့်ပြုချက်များအား ငြင်းဆိုခွင့် တစ်နည်းအားဖြင့် လွတ်လပ်သော ကြိုတင်အသိပေး သဘောတူညီမှုရယူခြင်း အစရှိသည်တို့ ပါဝင်သည်။ အလားတူပင် အာဖရိကအနွယ်ဝင် မေရိကန် လူ့အဖွဲ့အစည်းများ၏ အခွင့်အရေးများကိုလည်း အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့ပါသည်။ ဆက်လက်ပြီး နယ်နမိတ်များပိုင်ဆိုင်ရန်အတွက် စုပေါင်းရရှိနိုင်သည့် အခွင့်အရေးများ၊ မြေပိုင်ဆိုင်ခွင့်များနှင့် လွတ်လပ်သော၊ ကြိုတင်အသိပေး သဘောတူညီမှုရယူရန်လိုအပ်သော အဖွဲ့များ၏ အခွင့်အရေးများကိုလည်း အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့ပါသည်။

ကျွန်ုပ်တို့ နိုင်ငံအနှံ့အပြားတွင် လူမျိုးများအား သမိုင်းဝင်ခွဲခြားထားခြင်းခံရမှုအား ယနေ့တွင် ကြာရှည်စွာ လူမျိုးရေးခွဲခြားနေခြင်း အဖြစ်ကြုံတွေ့ရပြီး ၎င်းသည် ဌာနေတိုင်းရင်းသားလူမျိုးများအပေါ်တွင် လူမှုရေးနှင့်နိုင်ငံရေးအရ လွှမ်းမိုးလိုသော သဘောထားများကြောင့်ဖြစ်သည်။ ဥပဒေရေးရာတွင် ကျွန်ုပ်တို့၏ အခွင့်ရေးတစ်ချို့ကို အစိုးရနေဖြင့် အမှန်တစ်ကယ် အသိအမှတ်ပြုသော်လည်း ယင်းတည်ရှိနေပြီးသော ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါသည်။ နိုင်ငံတော်တော်များများတွင် တရားဥပဒေစိုးမိုးမှု မရှိခြင်းကြောင့် ယင်းတို့အတွက် ဥပဒေများရှိနေသော်လည်း အချည်းအနှီးသက်သက်သာဖြစ်သည်။ အမှုကိစ္စတော်တော်များများတွင် ကျွန်ုတို့၏ အခွင့်အရေးများသည် အသိအမှတ်ပြုခြင်းမခံရသေးပါ။ ၎င်းတို့သည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်တရားစီရင်မှုတည်ရှိနေခြင်းအား စနစ်တကျ မသိကျိုးကျွံပြုခြင်းခံနေရပါသည်။

**အပြစ်ပေးခြင်းမရှိပါ/** ကုလသမဂ္ဂ အထူးသတင်းထောက်၏ များမကြာခင်ကပင် ထုတ်ပြန်ထားသော လူ့အခွင့်အရေးအား ကာကွယ်ပေးနေသူများ၏ အခြေအနေများနှင့်ပတ်သက်သော အစီရင်ခံစာတွင် အသေးစိတ်ပါဝင်သည့်အတိုင်း – **တရားဥပဒေစိုးမိုးရေးအပေါ်တွင် ဆက်လက်တိုက်ခိုက်မှုတစ်ခုအဖြစ် ကိုယ်စားပြုသည်။ ဖြစ်ချင်ပါတော့ တရားဥပဒေမျှတမှုရှိရန်အတွက် ယင်းဥပဒေသအားအသုံးပြု၍ ကျွန်ုပ်တို့ခံနေရသော အကြမ်းဖက်မှုများနှင့် ယင်းတို့ကို ကျူးလွန်သူများအား တရားဆွဲဆိုခြင်းများပြုလုပ်ရမည့်အစား ကျွန်ုပ်တို့အား တိုက်ခိုက်ရန်၊ တရားဝင်မဖြစ်ရန်အတွက် ပြုလုပ်ရန်အတွက် အသုံးပြုနေကြပါသည်။**

စီးပွားရေးအဖွဲ့အစည်းကြီးများ၏ လူ့အခွင့်အရေးနှင့် ယင်းကဲ့သို့အလားတူ အခွင့်အရေးများအား လစ်လျူရှုနေခြင်း၊ စနစ်တကျခြိမ်းခြောက်နေခြင်း၊ ပြစ်မှုကျူးလွန်နေသည့် အဖွဲ့အစည်းများနှင့် ရေရှည်တည်တံ့မှုမရှိသော၊ တရားမဝင်သော (သို့) တည်ရှိနေသော တရားဥပဒေများနှင့် မကိုက်ညီသောကုမ္ပဏီနှင့် ၎င်းတို့၏လမ်းစဉ်များကြောင့် ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းအတွင်း ပဋိပက္ခများနှင့် ဖိနှိပ်မှုများသည် နေရာတော်တော်များများတွင် ပိုမိုဆိုးရွားနေသည်။

ကျွန်ုပ်တို့၏ မြေနယ်နမိတ်အတွင်းသို့ မြေနေရာ နယ်ပယ်ချဲ့ထွင်ခြင်းသည် ကျွန်ုပ်တို့၏ အိမ်များနှင့် လူ့အဖွဲ့အစည်းအတွင်းသို့ ပဋိပက္ခများ ဖြစ်ပေါ်စေသည်။ ထိန်းသိမ်းထားသည့် မြေနေရာများကိုလည်း မတရားလုယူခြင်းများခံရပြီး ကျွန်ုပ်တို့၏ လူနေမှုဘဝများပေါ်တွင် ထိခိုက်လာပါသည်။ ယင်းလုပ်ရပ်သည် ကျွန်ုပ်တို့၏ အသက်ရှင်ရပ်တည်မှု နည်းလမ်းများပေါ်တွင် ပြစ်မှုများ ကျူးလွန်နေခြင်းဖြစ်သည်။

ကျွန်ုပ်တို့ကဲ့သို့ လူ့အခွင့်အရေးနှင့် လူ့အဖွဲ့အစည်းများအတွင် ကြံ့ကြံ့ခံရပ်တည်ပေးနေသောသူများအား တရားမဝင်ဖြစ်စေရန် သတင်းပြန်ကြားချက်များနှင့် ဆိုရှယ်မီဒီယာ၊ သတင်းအတုများနှင့် ခြိမ်းခြောက်မှုများကို အသုံးချနေမှုများသည်လည်း တိုးပွားလာပါသည်။ ကျွန်ုပ်တို့အဖွဲ့အစည်းအတွင်း ကွဲပြားသော နည်းဗျူဟာများအား လက်ခံကျင့်သုံးနေခြင်း၊ အစိုးရတည်ထောင်သည့် အဖွဲ့အစည်းများအပါအဝင် (သို့မဟုတ်) ၎င်းတို့ရွေးချယ်ထားသော ပုဂ္ဂိုလ်များပါဝင်နေခြင်း၊ အစရှိသည်တို့သည် ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းများအတွင်း ပဋိပခများကို ဖြစ်ပေါ်စေပါသည်။ ယင်းအဖွဲ့အစည်းများအား ထိုသို့ ခွဲခြမ်းထားရခြင်းမှာလည်း ကျွန်ုပ်တို့၏ စုပေါင်းဆန္ဒများကို ဆန့်ကျင်ပြီး၎င်းတို့၏ ဆုံးဖြတ်ချက်များအား လိုက်နာရန်အတွက် ဆွဲဆောင်မှုပြုလုပ်ရန် ဖြစ်သည်။

နိုင်ငံအနေဖြင့် အဓိပ္ပါယ်ပြည့်ဝသည့် ပါဝင်မှုများ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ သတင်းအချက်အလက်များရယူရန်နှင့် နှစ်သိမ့်ဆွေးနွေးရန် ပျက်ကွက်ခြင်း – ဆက်လက်ပြီး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်များရေးဆွဲခြင်းတွင် လွတ်လပ်သော ကြိုတင်အသိပေး သဘောတူညီမှုရယူရန် ပျက်ကွက်ခြင်း – ရလဒ်အနေဖြင့် မလိုလားသော ထိခိုက်မှုများရှိသည့် ဖွံ့ဖြိုးရေး စီမံကိန်းများဖြစ်လာသည်။ စစ်တပ်အား အခြေခံဝန်ဆောင်မှုပေးရန်အတွက်နှင့် ထိန်းသိမ်းစောင့်ရှောက်မှုအစီအစဉ်များအား အကောင်အထည်ဖော်ရန် အပါအဝင်၊ ရဲဝန်ထမ်းများနှင့် ကိုယ်ပိုင်လုံခြုံရေး တပ်သားများနှင့်အတူ ကုမ္ပဏီများမှ ၎င်းတို့၏အကျိုးစီးပွားကို ကာကွယ်ရန်အတွက် အသုံးချပြီး ယင်းလုပ်ရပ်သည် ကျွန်ုပ်တို့အား အကြမ်းဖက်ဆောက်ရွက်မှုများ ပြုလုပ်နိုင်ချေရှိသည့် များအား ပိုမိုမြင့်မားစေပါသည်။

ကုမ္ပဏီများအနေဖြင့် ဖြစ်ပေါ်လာနိုင်သည့် အရှုံးများကို တိကျစွာ စစ်ဆေးနိုင်ရန်နှင့် ကာကွယ်ရန်၊ ၎င်းတို့၏ လည်ပတ်နေသည့်

လုပ်ငန်းတလျှောက်တွင် အထူးဂရုစိုက်ကြရန်၊ အမှီအခိုကင်းမဲ့စွာ တာဝန်ယူခြင်း အားထည့်သွင်းပေးရန်နှင့် မကျေနပ်ချက်များကို တင်ပြနိုင်သည့် ယန္တယား အစရှိသည်တို့ကို အောင်မြင်စွာ မဆောင်ရွက်နိုင်ခြင်းသည်လည်း အကြမ်းဖက်မှုများကို ပိုမိုတိုးပွားစေသည်။

အချို့ထင်ရှားသော ရှောင်လွဲမှုများမှလွဲ၍ ရင်နှီးမြှုပ်နှံသူများအနေဖြင့် ၎င်းတို့ရင်းနှီးမြှုပ်နှံမှုများသည် လူ့အခွင့်အရေးများအား ချိုးဖောက်ခြင်းများ ဖြစ်ပေါ်လာနိုင်ခြင်း ရှိသည်/မရှိသည်ကို အနည်းငယ်သာ စိတ်ဝင်စားမှု ရှိကြောင်း တွေ့မြင်ရပါသည်။

လက်ရှိ ပြည်သူ့ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများနေဖြင့် လူ့အခွင့်အရေးကာကွယ်သူများနှင့် ပါဝင်ဆောင်ရွက်နေပါသော်လည်း ကျွန်ုပ်တို့ နယ်မြေဒေသများတွင်ရှိသော လူ့အခွင့်အရေးကာကွယ်သူများအပေါ် တိုက်ခိုက်မှုများနှင့် အကြမ်းဘက်မှုများအား ဖြစ်ပေါ်စေသော အဓိကအရင်းအမြစ်များအား ထိရောက်စွာ ဖြေရှင်းနိုင်ခြင်းမရှိသေးပါ။ ၎င်းတို့မရှိသော ပြည်နယ်နှင့် စီးပွားရေးလုပ်ငန်းတော်တော်များများသည် ယင်းချိုးဖောက်မှုများအား ရှာဖွေဖြေရှင်းရန်အတွက် ခံဝန်ကတိပြုထားသော်လည်း လိုက်နာဆောင်ရွက်ရန်ပျက်ကွက်နေသည်ကိုလည်း တွေ့ရှိရပါသည်။

လက်ရှိတွင် ရှိနေသော ကာကွယ်ရေးနည်းလမ်းများသည်လည်း တိုက်ခိုက်မှုများနှင့် ခြိမ်းခြောက်မှုများအား အဓိကဖြစ်ပေါ်စေသော အကြောင်းအရာများအား ရှာဖွေဖြေရှင်းရန် ကြီးမားစွာ ပျက်ကွက်နေပြီး မြေ၊ ပတ်ဝန်းကျင်အား ကာကွယ်ရန် ကတိကဝတ်ပြုထားသော ကာကွယ်ပေးသူများအစုလိုက်အနေဖြင့် ကျွန်ုပ်တို့၏ အခန်းကဏ္ဍအား အသိအမှတ်ပြုရန်နှင့် စုပေါင်းအာမခံချက်များပေးရမည့်အစား ၎င်းသည် အများအားဖြင့် တစ်ဦးတစ်ယောက်စီပေါ်တွင်သာ အာရုံထားကာကွယ်မှုပေးနေပါသည်။

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပေါ် အကြမ်းဖက်မှုများ တိုးမြှင့်လာခြင်းပေါ်တွင် အရေးပေါ် အရေးယူဆောင်ရွက်ရန်အတွက် “ဇီးရိုး တောလားရင့် အင်နီရှိရေးတစ်” (The Zero Tolerance Initiative) အနေဖြင့် နိုင်ငံများ၊ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုပြုသူများကိုလည်း ပါဝင်ဆောင်ရွက်ရန် စုရုံးခဲ့ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ၎င်းတို့အား ရှေ့တန်းတွင် ဦးဆောင်ပြီး အကြမ်းဖက်မှုများအား ဖြစ်ပေါ်စေသော အဓိကအကြောင်းအရင်းများအား ရှာဖွေဖြေရှင်းရန်အတွက် ဆောင်ရွက်ရမည်။

အနာဂတ် ခြေလှမ်းများသည် ကျွန်ုပ်တို့ မြေနှင့် ပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်သူများအား အကာကွယ်ပေးမည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ကျွန်ုပ်တို့ ကိုယ်တိုင် ကျွန်ုပ်တို့အားကာကွယ်ရန်အတွက် ကျွန်ုပ်တို့၏ လုပ်နိုင်စွမ်းများအား တစ်ဦးချင်းစီသော်လည်းကောင်း အဖွဲ့အစည်းလိုက်သော်လည်းကောင်း ပိုမိုအားကောင်းစေရန် ဆောင်ရွက်ရမည်။ အဖွဲ့အစည်းအား ကြိုတင်အသိသတိပေးနိုင်သော ကွန်ယက်များတည်ထောင်ခြင်းနှင့် စုပေါင်းကာကွယ်ခြင်းနည်းလမ်းများ အစရှိသကဲ့သို့သော အဖွဲ့အစည်းအခြေပြု ကာကွယ်မှုစနစ်အား တည်ထောင်ရန်အတွက် ကျွန်ုပ်တို့လုပ်ကိုင်နေပြီးဖြစ်သော လမ်းကြောင်းများအပေါ်တွင်သာ ထပ်မံတည်ဆောက်သွားနိုင်သည်။ အလားတူပင် ကျွန်ုပ်တို့၏ မဟာမိတ်များနှင့် ကွန်ယက်များကိုလည်း ပိုမိုစည်းလုံးညီညွတ်စေရန်၊ လူထုအခြေပြု အမှန်တရားအား အကြောင်းကြားရန်နှင့်၊ တရားမဝင်လုပ်ဆောင်ချက်များနှင့် ကျွန်ုပ်တို့၏ အခွင့်အရေးများအား ချိုးဖောက်နေခြင်းများအား သိသာထင်ရှားမြင်သာရန် ဆောင်ရွက်ရမည်ဖြစ်သည်။

## ထောက်ခံချက်

*ခြိမ်းခြောက်ခံနေရသော သို့မဟုတ် စိုးရိမ်ရသည့် အခြေနေများတွင်ရှိသော ကာကွယ်ပေးသူများနှင့် လူ့အဖွဲ့အစည်းများ၊ ခြိမ်းခြောက်မှုများအား တွန်းလှန်ရန်နှင့် လူ့အခြေပြု စုပေါင်းကာကွယ်ခြင်းနည်းလမ်းများနှင့် အဖြေရှာခြင်းများ ဆောင်ရွက်ရန်အတွက် ၎င်းတို့၏စွမ်းရည်များ တိုးလာစေရန် ဆောင်ရွက်ခြင်းနေခြင်းများတွင် ကျွန်ုပ်တို့အား အထောက်အပံ့ပေးရန်အတွက် NGOများနှင့် မဟာမိတ်များအနေဖြင့် လက်ရှိထက်ဆတိုးကြိုးပမ်း ဆောင်ရွက်သင့်သည်။*

## အပိုင်း(၁) - နိုင်ငံ

- ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အခွင့်အရေးကြေညာစာတမ်းနှင့် ကုလသမဂ္ဂ တောင်သူလယ်သမားများ အခွင့်အရေးကြေညာစာတမ်းအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အာဖရိကအနွယ်ဝင် အမေရိကန်များနှင့် ဌာနေတိုင်းရင်းသားလူမျိုးများ၏ စုပေါင်းအခွင့်အရေးများနှင့် ကျေးလက်ဒေသများတွင်ရှိသော လူ့အခွင့်အရေးများအား အသိအမှတ်ပြုရန်နှင့် လေးစားရန်။ ယင်းအကြောင်းအရာများတွင် ကျွန်ုပ်တို့၏ မြေများကို အသုံးပြုခွင့်၊ အကျိုးခံစားခွင့်နှင့် ယင်းမြေများကို စီမံခန့်ခွဲပိုင်ခွင့်များ၊ နယ်နမိတ်ရပိုင်ခွင့်နှင့် သဘာဝအရင်းအမြစ်များအား ရပိုင်ခွင့်များအတွက် အာမခံသော အများပြည်သူဆိုင်ရာ မူဝါဒများကို မဖြစ်မနေထည့်သွင်းထားရမည်။ ကျွန်ုပ်တို့၏ အခွင့်အရေးများကို အပြည့်အဝ အသိအမှတ်ပြုခံရခြင်းအား သေချာစေရန်အတွက် ခွဲခြားဆက်ဆက်ခြင်းများအား ပြုပြင်ပြောင်းလဲသော ဥပဒေများရှိလာစေရန် ဖော်ဆောင်ခြင်းနှင့် အပေါင်းလက္ခဏာဆောင်သော ဥပဒေများပြုစုပြဌာန်းခြင်းများ ဆောင်ရွက်ရမည်။

- လူ့အခွင့်အရေး ကာကွယ်သူများအတွက် ကုလသမဂ္ဂကြေညာစာတမ်းအား အကောင်အထည်ဖော်ဆောင်ရွက်ပြီး လူ့အခွင့်အရေး ကာကွယ်သူများ တစ်ဦးချင်းစီသော်လည်းကောင်း၊ စုပေါင်းအဖွဲ့လိုက်သော်လည်းကောင်း လူ့အခွင့်အရေးကာကွယ်သူများ၏ အခွင့်အရေးနှင့် အခန်းကဏ္ဍကို တိတိကျကျကာကွယ်မှုနှင့် အသိအမှတ်ပြုမှုပေးနိုင်သော ဥပဒေပြုရေးအား မိတ်ဆက်ပေးရမည်ဖြစ်သည်။ ကာကွယ်ရန်၊ ပစ်မှတ်ထားခြိမ်းခြောက်ခြင်းနှင့် အာမခံချက်များ ပိုမိုအားကောင်းစေရန်အတွက် အရေးယူဆောင်ရွက်ရမည့် အစီအစဉ်များအားဖော်ဆောင်ရမည်ဖြစ်သည်။ နိုင်ငံလုံးဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်းများအား မရှိသေးသော ဒေသများတွင် ရှိလာအောင်တည်ထောင်ရမည်ဖြစ်ပြီး၊ ရှိပြီးသော ဒေသများတွင်မူ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ရမည်။
- အကြမ်းဖက်ခြင်းနှင့် အကြပ်ကိုင်ခြင်း၊ အရေးယူမှုများမရှိခြင်းနှင့် အကျင်ပျက်ခြစားနေခြင်း၊ အများပြည်သူအတွက်နေရာများ ကျဉ်းလာခြင်း၊ တရားဝင်နှင့် တရားမဝင်စီးပွားရေးများအကြားတွင်ရှိသော ဆက်သွယ်မှုများ၊ မြေမှောင်ခိုပြုလုပ်ခြင်း နှင့် စနစ်တကျ မြေမတရားသိမ်းယူခြင်းများ၏ အရင်းအမြစ်များကို ရှာဖွေသိရှိရန်အတွက် သင့်တော်သော အရင်းအမြစ်များ၊ အများပြည်သူဆိုင်ရာမူဝါဒများကို မှတ်ယူလက်ခံကျင့်သုံး ရမည်။ ထုံးတမ်းအစဉ်အလာ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများနှင့် ၎င်းတို့မှီခိုနေသော ဂေဟစနစ်များအား လုံခြုံစွာကာကွယ်စောင့်ရှောက်ရန်အတွက် ကောင်းမွန်သော အရာများကိုသူဆောင်ရွက်ရမည်။ စီးပွားရေးအတွက် ထုတ်ယူသုံးစွဲခြင်းများအား ပြန်လည်လေ့လာခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့များအပါအဝင် ပြည်နယ်အတွင်းမှ မဟုတ်သော နိုင်ငံခြား (သို့မဟုတ်) အခြားဒေသမှ လာရောက်လုပ်ကိုင်သူများ၏ အပြုအမူများကို သိရှိစေရန်ဆောင်ရွက်ခြင်း အစရှိသည်တို့ဖြစ်သည်။ ဥပဒေကို လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား ဖိနှိပ် ရန် သို့မဟုတ် ရာဇဝတ်ကောင်များအဖြစ် မြင်စေရန်အတွက် အသုံးမပြုသင့်ပါ။
- ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များနှင့် မူဝါဒများသည် နိုင်ငံတကာ စံချိန်စံညွှန်းများ၊ တာဝန်ယူဆောင်ရွက်မှုစံနှုန်းများ နှင့်အညီ လိုက်နာဆောင်ရွက်နေသည်မှာ သေချာစေရန် ဆောင်ရွက်ရုံသာမကဘဲ သစ်တောပြုန်းတီးခြင်း၊ ပတ်ဝန်းကျင်များပျက်စီးခြင်းနှင့် လူ့အခွင့်အရေးများ ချိုးဖောက်ခြင်းမရှိစေရန်အတွက်လည်း သေချာအောင် ဆောင်ရွက်ရမည်။ ကုလသမဂ္ဂ အထူးသတင်းထောက်၏ ၂၀၁၆တွင် သုမလေ့လာခဲ့သော ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေး အစီရင်ခံစာမှ အထူးရှာဖွေတွေ့ရှိချက်များဖြစ်သော ရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်မှုသဘောတူညီချက်များ၏ ဌာနေတိုင်းရင်းသားများ အခွင့်အရေးအပေါ် သက်ရောက်မှုများအား ကျွန်ုပ်တို့ ပြန်လည်ရည်ညွှန်းသည်။
- ကုလသမဂ္ဂ၏ လမ်းညွှန်မှုစည်းမျဉ်းများအား စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးများဆိုင်ရာများတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အမျိုးသားဥပဒေမှ အတည်ပြုပေးနိုင်ရမည်။ ထိုသို့ဆိုရာတွင် လူ့အခွင့်အရေးများအား ဂရုတစိုက်စဉ်ဆက်မပြတ် ဥပဒေပြု၍ လိုက်နာဆောင်ရွက်ရန်အတွက် မိတ်ဆက်ချပြပေးခြင်း၊ ကုမ္ပဏီများမှ မိမိတို့ကုမ္ပဏီအတွင်း လူ့အခွင့်အရေးအား လိုက်နာကျင့်သုံးခြင်း၊ လူမှုရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ ဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုများအား ကြိုတင်တွက်ချက်ချိန်ဆခြင်း၊ ရှာဖွေတွေ့ရှိချက်များအတိုင်း ဆောင်ရွက်ခြင်းနှင့် ထွက်ပေါ်လာသောရလဒ်များကို ပွင့်လင်းမြင်သာမှုရှိစေရန်ဆောင်ရွက်ခြင်း အစရှိသည်တို့ကို လိုက်နာဆောင်ရွက်နေသည်မှာ သေချာအောင်ဆောင်ရွက်ရမည်ဖြစ်သည်။
- **အရေးပေါ် ဆောင်ရွက်ချက်များ ဖော်ဆောင်ရန်** – သို့မဟုတ် ၎င်းတို့ ရှိပြီးသောဒေသများတွင် ပိုမိုအားကောင်းထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် – ထိုသို့ဆိုရာတွင် စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးများ အပေါ်တွင် ကျယ်ပြန့်၍ အားလုံးခြုံငုံမိပြီး အဓိပ္ပါယ်ပြည့်ဝသော ဆွေးနွေးမှုလုပ်ငန်းများတွင် ထိရောက်စွာပါဝင်ခြင်းဖြင့် တစ်နိုင်ငံလုံးဆိုင်ရာ အရေးယူဆောင်ရွက်ရမည့် အစီအစဉ်များအား ပိုမိုအားကောင်းလာစေခြင်းနှင့် လူ့အခွင့်အရေးအားကာကွယ်ပေးနေသူများရင်ဆိုင်နေရသော ခြိမ်းခြောက်မှုများကို ကာကွယ်ရန်နှင့် ပြန်လည်တုံ့ပြန်နေစဉ်တွင် ကျွန်ုပ်တို့၏ စုပေါင်းလူ့အခွင့်အရေးများအား ကာကွယ်ရန်အတွက် အတူတကွအရေးတယူပြုဆောင်ရွက်ခြင်းတွင် ပိုမိုအားကောင်းစေရန် ကောက်အထည်ဖော်ဆောင်ရွက်ရမည်။
- အကြမ်းဖက်မှုများ ဖြစ်လာသောအချိန်တွင် ၎င်းအားဖြေရှင်းရန် နည်းလမ်းရှိနေပြီးသားဖြစ်စေရန်အတွက် သေချာစွာဆောင်ရွက်ခြင်း။ ယင်းသို့ဆိုရာတွင် တရားစီရင်ရေး စနစ်များအား ပိုမိုအားကောင်းစေခြင်းဖြင့် လူ့အခွင့်အရေး ကာကွယ်ပေးနေသူများနှင့် လူ့ထုအဖွဲ့အစည်းအား တိုက်ခိုက်နေသောသူများအား ထိရောက်စွာ တရားစွဲအပြစ်ပေးနိုင်ခြင်းများလည်း ပါဝင်သည်။ တစ်နိုင်ငံလုံးတိုင်းအတာဖြင့် မှတ်ပုံတင်ထားသော ကုမ္ပဏီများ၏ နယ်မြေကျော် လုပ်ဆောင်မှုများသည်လည်း တာဝန်ယူ၍ ကြေညာထားရမည်ဖြစ်သည်။
- ခေါင်းစဉ်များထုတ်ပေးခြင်း၊ မြေယာခွဲခြားသတ်မှတ်ခြင်းနှင့် ထိန်းကျောင်းပြုပြင်ရန်၊ နယ်မြေအတွင်း သတင်းအချက်အလက်များအားစုဆောင်းရန်၊ စုပေါင်းကာကွယ်ရန်နှင့် ဆုံးရှုံးနိုင်မှုများအား ကာကွယ်ရန်အတွက် စွမ်းရည်များ မြှင့်တင်ပေးခြင်းများအပါအဝင် ဌာနေတိုင်းရင်းသားလူမျိုးများ၊ အဖရိကအနွယ်ဝင်အမေရိကန်များနှင့် ၎င်းတို့၏ နယ်နမိတ်များအားကာကွယ်နေသော စုပေါင်းအခွင့်အရေးကိုင်ဆောင်ထားသူများအား ငွေကြေး၊ နည်းပညာနှင့် ဥပဒေရေးရာပိုင်းတွင် တိုက်ရိုက်အထောက်အပံ့ပေးခြင်းရမည်။

## ဘက်စုံအရေးယူဆောင်ရွက်ခြင်း

- ဆက်လက်ညှိနှိုင်းနေဆဲဖြစ်သော ကုလသမဂ္ဂ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး ဆိုင်ရာစာချုပ်အား အထောက်အကူပေးရန်နှင့် လူ့အခွင့်အရေးကာကွယ်သူများ အတွက် လုပ်ရှားမှုများပြုလုပ်နိုင်သည့် အခန်းကဏ္ဍတစ်ခုအား စာချုပ်ထဲတွင် သေချာစွာပါဝင်ရန်ဖြစ်သည်။
- လူ့အခွင့်အရေးကာကွယ်ပေးနေသူများကို အကြမ်းဖက်နေမှုများအား ရှာဖွေဖြေရှင်းရန်အတွက် ဒေသအတွင်း ရှိနေပြီးသော နည်းစနစ်များအား မြှင့်တင်ပြီး အရေးယူဆောင်ရွက်ချက်များကို ဆောင်ရွက်ရန်ဖြစ်သည်။
- လူ့အခွင့်အရေးကာကွယ်ပေးသူများအတွက် စုပေါင်းဆောင်ရွက်ခြင်း၊ တက်ကြွလှုပ်ရှားခြင်းနှင့် ကောင်းမွန်စွာ အထောက်အကူပေးခြင်း ယင်းသို့ဖြင့် သံတမန်ရေးနည်းလမ်းများဖြင့်များအား များပြားလာအောင်ဆောင်ရွက်ခြင်း။ ထိုသို့ဆိုရာတွင် လူ့အခွင့်အရေးကာကွယ်သူများအတွက် လူထု၏ထောက်ခံမှု၊ သံတမန်ရေးရာဖိအား၊ ကွင်းဆင်းလေ့လာခြင်း၊ ကာကွယ်သူများနှင့် တွေ့ဆုံခြင်းနှင့် ခေတ္တသွားရောက်လေ့လာခြင်း၊ အလားတူပင် လိုအပ်ပါက အရေးပေါ်ရွှေ့ပြောင်းနေရာချထားရန် ဗီဇာများချပေးခြင်း။ ပြစ်မှုကျူးလွန်တိုက်ခိုက်နိုင်ချေရှိသည့် ဒေသများတွင် စစ်တပ်နှင့် လုံခြုံရေးအကူတပ်ဖွဲ့များမှ ပြန်လည်ဆုတ်ခွာပေးရန်ဖြစ်သည်။
- နှစ်ဘက် သို့မဟုတ် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပိုင်ရှင် သို့မဟုတ် ရှယ်ယာရှင်များ ဖြစ်ကြသော ငွေကြေးအဖွဲ့အစည်းများ အနေဖြင့် မိမိတို့၏ အာဏာကို အကျိုးရှိစွာအသုံးပြုပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ရှိသော ကာကွယ်သူများအား ခြိမ်းခြောက်မှုများနှင့် တိုက်ခိုက်မှုများ ကြားဝင်ကာကွယ်ပေးကာ ထိုသို့တိုက်ခိုက်မှုများနှင့် ခြိမ်းခြောက်မှုများဖြစ်ပေါ်လာခဲ့ပါက ပြန်လည်တုံ့ပြန်ပေးခြင်း အစရှိသည်တို့အား သေချာစေရန်။

## အပိုင်း(၂) - ပုဂ္ဂလိကကဏ္ဍ

- “ဇီးရိုး တောလားရင့် - လိုက်လျောမှုလုံးဝမရှိသော” တွင် ကတိကဝတ်ပြု လက်မှတ်ထိုးခြင်း

## ကုမ္ပဏီများ

- အာဖရိကအနွယ်ဝင် အမေရိကန်များ၊ တောင်သူလယ်သမားများ၊ လူ့အခွင့်အရေး ကာကွယ်သူများ၊ စုပေါင်းအခွင့်အရေးကိုင်ဆောင်ထားသော ဌာနေတိုင်းရင်းသားလူမျိုးများ၏ လူ့အခွင့်အရေးများအား အသိအမှတ်ပြုရမည်၊ လေးစားရမည်။ ဌာနေတိုင်းရင်းသားများ၊ လူထုဦးဆောင်သည့် ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းများအား မြှင့်တင်ပေးရန် သို့မဟုတ် အထောက်အပံ့ပေးရန် ဆောင်ရွက်ရမည်ဖြစ်သည်။
- သတ်မှတ်ထားပြီးဖြစ်သော လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများအား ပတ်ဝန်းကျင်၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် အခြား သက်ရောက်မှုများအား စစ်ဆေးခြင်းများအတွင်းနှင့် အထက်တန်း စီမံခန့်ခွဲသူများနှင့် ကွင်းဆင်းလုပ်ကိုင်နေကြသောသူများအထိ မဖြစ်မနေသိရှိစေရန် အသိပေးထားရမည်ဖြစ်သည်။ သက်ရောက်မှုများအား စစ်ဆေးပြီး ရရှိလာသော ရလဒ်များအား ခွဲခြမ်းစိတ်ဖြာရာတွင် လူထုအဖွဲ့အစည်းများကိုလည်း ထည့်သွင်းသင့်သည်။ ခွဲခြမ်းစိတ်ဖြာမှုများတွင် လူထုအဖွဲ့အစည်းနှင့်ဆိုင်သော သတင်းအချက်အလက်များ၊ အလားတူပင် လူမှုဝန်းကျင်အား အသုံးပြုမည့်ပုံစံများနှင့် လွတ်လပ်သော သတင်းအရင်းအမြစ်များ၊ လိုအပ်ပါက လျှို့ဝှက်ရန်ထားရှိသည့် အခြေနေများကိုလည်း ထည့်သွင်းဖော်ပြထားရမည်။
- ပြည့်စုံ ထိရောက်မှုရှိပြီး အဓိပ္ပါယ်ပြည့်ဝသော ဆွေးနွေးမှုများအားသေချာစွာ ပြုလုပ်ပေးခြင်း သို့မဟုတ် ပတ်ဝန်းကျင်တွင် ဆက်စပ်သက်ဆိုင်လျက်ရှိသော သူများအားနှင့် ထိတွေ့ဆက်ဆံမှုပြုခြင်း၊ ကာကွယ်ပေးသူများနှင့် တက်ကြွစွာ ထိတွေ့ဆက်ဆံမှုပြုခြင်း၊ ပါဝင်မှုပြုရန်အတွက် မိမိတို့အား နာကျင်အောင်ပြုလုပ်မည်ကို ကြောက်နေစရာမလိုဘဲ သို့မဟုတ် ခြိမ်းခြောက်အြေပ်ကိုင်မှုများမရှိသော ပတ်ဝန်းကျင်တစ်ခု ထားရှိပေးပြီး လုံခြုံမှုရှိရန် သေချာစွာ ဆောင်ရွက်ရမည်။
- လွတ်လပ်၍ ထိရောက်မှုရှိပြီး လက်လှမ်းမှီသော ကြားဝင်ဖျန်ဖြေပေးသည့် နည်းစနစ်များအား ဖော်ဆောင်ပြီး လက်ခံကျင့်သုံးရန်။
- လူ့အခွင့်အရေးများအား ထပ်ခါတစ်လဲလဲချိုးဖောက်ခံနေရခြင်းများအားကာကွယ်ရန်အတွက် ဆောင်ရွက်ခြင်းများ အပါအဝင် ထိုဖြစ်ရပ်များအား ချိုးဖောက်ခံနေရသော နေရာများတွင် ရှာဖွေဖော်ထုတ်ခြင်း၊ ထိခိုက်မှုအနည်းဆုံး ဖြစ်စေရန်အတွက် စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး အခွင့်အာဏာကို အသုံးပြုကာ အများပြည်သူနှင့် ဆိုင်သော ကြေညာချက်များ ထုတ်ပြန်ခြင်းနှင့် ဖြစ်နိုင်သည့် အရာများကို ခွဲခြားရှင်းထုတ်ပစ်ခြင်း။ ကုမ္ပဏီအတွင်း ကျူးလွန်သူ တစ်စုံတစ်ယောက်ရှိပါက တစ်ဦးတစ်ယောက်မှ ကုမ္ပဏီအတွင်း မမှန်မကန်ဆောင်ရွက်မှုများ ကျူးလွန်ခဲ့သည်ကို တွေ့ရှိခဲ့ပါက ထိုသူအား ပိတ်ပင်အရေးယူမှုများ ပြုလုပ်သင့်သည်။
- ပုဂ္ဂလိက သို့မဟုတ် အများပြည်သူဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ အသုံးပြုမှုကို ရှောင်ကျဉ်ရမည်။
- ကုလသမဂ္ဂ နိုင်ငံတကာ အဖွဲ့အစည်းများ နှင့် လူ့အခွင့်အရေး ဆိုင်ရာစာချုပ်အား ဖော်ဆောင်ရေးနှင့် လက်ခံကျင့်သုံးခြင်းအတွက် ဆီးခြင်းမပြုဘဲ ထောက်ပံ့မှုပေးရမည်။

**Rights must be respected throughout the supply chain.**

Find out more:
zerotoleranceinitiative.org
#ZeroToleranceInitiative




## ရင်းနှီးမြှုပ်နှံသူများ

- ရင်းနှီးမြှုပ်နှံမှုနှင့်ဆိုင်သော ဆုံးဖြတ်ချက်ချခြင်းများတွက် ကာကွယ်စောင့်ရှောက်သူများအပေါ်တွင် တိုက်ခိုက်နေခြင်း အတွက် ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ကဏ္ဍများအနေဖြင့် "ဇီးရိုးတောလားရင့်" နည်းစနစ်အား အသိအမှတ်ပြုသင့်ပြီး အကောင်အထည်ဖော်ဆောင်သင့်သည်။ ယင်းသို့ပြုလုပ်ရာတွင်လည်း အထူးသဖြင့် စစ်တပ်နှင့် လုံခြုံရေးကဏ္ဍများ၊ စွမ်းအင်၊ အခြေခံအဆောက်အအုံ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် အရင်းအမြစ်များအား ထုတ်ယူသုံးစွဲခြင်းများ အပေါ်တွင်လည်း ထိုသို့ဆောင်ရွက်ရမည်ဖြစ်သည်။
- ရင်းနှီးမြှုပ်နှံသူများသည် မိမိတို့ရင်းနှီးမြှုပ်နှံလိုက်သော ကုမ္ပဏီတွင် လူ့အခွင့်အရေးနှင့်ဆိုင်သော ကိစ္စရပ်များနှင့် ပတ်သက်၍ အကဲဖြတ်စစ်ဆေးခြင်းများအား ပြုလုပ်ဆောင်ရွက်စေခြင်းနှင့် ထိုအရာများအား ပုံမှန်ပြုလုပ်နေပြီး အထွေအထူးဖော်ပြစရာမလိုအပ်ပါက ၎င်းတို့၏ စီးပွားရေးတွဲဖက်လုပ်ကိုင်သူများအား ယင်းလုပ်ထုံးလုပ်နည်းများကို လက်ခံရယူအကောင်အထည်ဖော်ကျင့်သုံးရန် တိုက်တွန်းသင့်သည်။
- အန္တရယ်များအား လွတ်လပ်စွာအကဲဖြတ်ခြင်း ပုံစံများနှင့် အန္တရာယ်အခြေနေ မြင့်မားသော ကုမ္ပဏီများနှင့် ကဏ္ဍများအား ပြန်လည်ကြည့်ရှုစစ်ဆေးရန် အန္တရယ်များအား စီမံခန့်ခွဲနိုင်သည့် နည်းလမ်းကိရာယာများအား စုပေါင်းတည်ဆောက်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများသည် "ဇီးရိုး တောလားရင့်–လိုက်လျောမှုလုံးဝမရှိသော" ကတိကဝတ်ကို အဓိကထား ဆောင်ရွက်သင့်သည်။
- အန္တရယ်များအား အကဲဖြတ်ခြင်းသည် အမှန်တစ်ကယ် မြေပြင်အခြေနေပြ အချက်အလက်များအား ပေါင်းစပ်ခြင်းနှင့် လူထုအဆင့်မှ သတင်းအချက်အလက်များကို အသုံးပြုခြင်း၊ လိုအပ်ပါက လျှို့ဝှက်ထားရမည့် အခြေနေများသတင်းရယူခြင်းများနှင့် လူထုအဖွဲ့အစည်းများမှ သတင်းရယူခြင်းနှင့် အခြားလွတ်လပ်သော သတင်းအရင်းအမြစ်များမှ ရရှိသော သတင်းများပေါ်တွင်မူတည်၍ စစ်ဆေးခွဲခြားသင့်သည်။
- ကုမ္ပဏီများမှ စည်းကမ်းများကို လိုက်နာနေသည်မှာ သေချာစေရန်နှင့် လိုအပ်ပါက ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်ရုပ်သိမ်းခြင်းများပြုလုပ်ရန် ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့ထောက်ပံပေးသသော ကုမ္ပဏီများနှင့် တက်ကြွစွာ ထိတွေ့ဆက်ဆံသင့်သည်။
- အန္တရာယ်မြင့်မားသော ကဏ္ဍများတွင် ချေးငွေထုတ်ပေးခြင်းများ၊ တာဝန်ယူဆောင်ရွက်ခြင်းများနှင့် ရင်းနှီးမြှုပ်နှံမှုများအား ပိုမိုကျယ်ပြန့်စွာ အသိပေးစေခြင်းနှင့် စံနှုန်းများ သတ်မှတ်ထားခြင်း။
- ရင်းနှီးမြှုပ်နှံသူများနေဖြင့် ထောက်ပံပေးမှုဖြစ်စဉ် တစ်ခုလုံးတွင် ယင်းစည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်သင့်သည်။
- ဘဏ်များအနေဖြင့်လည်း ၎င်းတို့၏ စီးပွားရေးမိတ်ဖက်များအပေါ်တွင် ဤစည်းမျဉ်းစည်းကမ်းများအား သင့်တော်သလို အသုံးပြုသင့်ပါသည်။

၂၀၁၉ခုနှစ်
ဂျီနီဗာ ကြေငြာစာတမ်း



# သဘာဝမှပေးသော ဝမ်းရေး

ပြည့်ဖြိုးမောင် (ဗိုဒ္ဓ - ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)

ကျွန်တော်တို့၏ အမိမြန်မာနိုင်ငံတော်သည် အဖိုးတန်သဘာဝအရင်းအမြစ်သယံဇာတများ အလျှံအပယ်ပေါကြွယ်ဝလှလျက်ရှိသည်။ မြန်မာနိုင်ငံ လူဦးရေ၏ သုံးပုံ နှစ်ပုံခန့်သည် တောင်တန်းဒေသများနှင့် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိပါသည်။ တောင်တန်းဒေသများတွင် နေထိုင်လျှက်ရှိသော ဌာနေတိုင်းရင်းသားများသည် သစ်တောသစ်ပင်များအပေါ်တွင် အမှီသဟဲပြု နေထိုင်ကြပြီး သစ်တောသစ်ပင်များသည် ၎င်းတို့၏ ပင်မအသက်သွေးကြောသဖွယ် ဖြစ်နေပါသည်။

သို့သော်လည်း ၂၀၁၅ ခုနှစ်တွင် ကောက်ယူခဲ့သော သတင်းအချက်အလက်များအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု အခြေအနေသည် ၄၂.၉၂ရာခိုင်နှုန်းသာ ကျန်ရှိပေတော့သည်။ သစ်တောဂေဟစနစ်၏ ၁၀ရာခိုင်နှုန်းသည် တန်ဖိုးကြီး အသုံးဝင်သစ်များဖြစ်ကြပြီး၊ ကျန်၉၀ရာခိုင်နှုန်းမှာ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများဖြစ်ကြပါသည်။ လူဦးရေ တစ်သန်းတွင် ၂၅ရာခိုင်နှုန်းသော ဝင်ငွေသည် သစ်တောထွက် သယံဇာပစ္စည်းများမှ ရရှိသည်ဟု ခန့်မှန်းနိုင်ပါသည်။ သို့သော်လည်း ယနေ့ထိတိုင် ကျေးလက်နေဒေသခံများနှင့် ဌာနေတိုင်းရင်းသားများ၏ စားဝတ်နေရေး အဆင်ပြေရန်အတွက် သစ်တောထွက်ပစ္စည်းများ အသုံးပြုမှုမှာ အကောင်းဆုံးအခြေနေတရပ်အဖြစ်မရပ်တည်နိုင်သေးပေ။





ထို့အပြင် ရှိရင်းစွဲသဘာဝသယံဇာတ အရင်းအမြစ်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်ထုတ်လုပ်နိုင်ရန် နည်းပညာ အခက်အခဲရှိသဖြင့် ကုန်ကြမ်းပစ္စည်းအဖြစ်သာ တင်ပို့ရောင်းချလျက်ရှိပါသည်။ ကျေးလက်ဒေသနှင့် ဌာနေတိုင်းရင်းသားဒေသရှိ ကုန်ကြမ်းပစ္စည်း

များအား စျေးကွက်ချဲ့ထွင်နိုင်ရန်နှင့် နိုင်ငံတကာတန်းဝင် တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများ ဖန်တီးထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ၏ နေရာအနှံ့အပြားတွင် လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းများကို အဘက်ဘက်မှ အကောင်အထည်ဖော်လျက်ရှိပါသည်။ လူမှု အကျိုးပြုစီးပွားရေး လုပ်ငန်းဆိုသည်မှာ လူသားအရင်းအမြစ်များ လူနေမှုအဆင့်အတန်းမြှင့်တင်ပေးရန်၊ သဘာဝသံယံဇာတများအား ရေရှည်တည်တံ့သော နည်းလမ်းများဖြင့် အကျိုးရှိစွာအသုံးချနိုင်ရန်၊ ဒေသတွင်းရှိ ကုန်ကြမ်းပစ္စည်းများအား စျေးကွက်ဝင်တန်ဖိုးမြင့် ကုန်ချောပစ္စည်းများ အဖြစ်ထုတ်လုပ်နိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင် ပိုမိုဖွံ့ဖြိုးကောင်းမွန်လာစေရန် ရည်ရွယ်၍ လူမှုရေးပြဿနာများ ဖြေရှင်းပေးသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်ကိုမြတ်နိုးတန်ဖိုးထားပြီးဒေသခံဌာနေတိုင်းရင်းသားများနှင့် လက်တွဲလုပ်ဆောင်လျက်ရှိသော ပွိုင့်အဖွဲ့အ



စည်းသည်လည်း ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် ဌာနေတိုင်းရင်းသားဒေသရှိ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့စွာအသုံးပြုနိုင်ရန် ရည်ရွယ်၍ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းကို သံတောင်ကြီးမြို့နယ်၊ သဘော်တောကျေးရွာနှင့် ကျောက်ဖျာကျေးရွာရှိ ဌာနေတိုင်းရင်းသားများနှင့် ပူးပေါင်း၍ တဖက်တလမ်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိသည်။ သံတောင်ကြီး ဒေသရှိ သစ်တောမှရရှိသော သဘာဝသယံဇာတများအား အသုံးပြု၍ ဓာတုကင်းမဲ့သော သဘာဝခေါင်းလျှော်ရည်၊ ဆပ်ပြာမွှေးခဲ၊ အုန်းဆီ၊ မျက်နှာ သစ်ဆပ်ပြာ၊ အဝတ်လျှော်ဆပ်ပြာ၊ ပရုတ်ဆီ၊ ခြင်နိုင်ဆေးများပြုလုပ်ခြင်းကို ပညာရှင်များနှင့်ပူးပေါင်း၍ လက်တွေ့ပြုလုပ်ပြီး ကျေးရွာတွင်းသာမက မြို့နယ်အဆင့်၊ ပြည်နယ်အဆင့်ထိ စျေးကွက်ချဲ့ထွင်ရောင်းချနိုင်ရန် အကောင်အထည်ဖော်လျက်ရှိသည်။

ထို့အပြင် သစ်တောများတွင် ပေါက်ရောက်လျက်ရှိသော ဝါးကိုတန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ဝါးပညာရှင်များနှင့် ပူးပေါင်းကာ ဝါးလက်မှု အခြေခံ လုပ်ငန်းသင်တန်းကို ဒေသခံများအားမျှဝေခဲ့ပါသည်။ သဘာဝမှ ပေးသော ဝါးကို လုပ်အားနှင့် ပေါင်းစပ်ပါက တန်ဖိုးနည်းဝင်ငွေ အဖြစ်သာ ရရှိမည်ဖြစ်ပြီး ဉာဏ်ပညာ ထပ်မံပေါင်းစပ်ပါက တန်ဖိုးမြှင့် ဝင်ငွေအဖြစ် ရရှိနိုင်ပါသည်။

ဥပမာ...
သဘာဝ (ဝါး) + လုပ်အား = တန်ဖိုးနည်း ၊
သဘာဝ (ဝါး) + လုပ်အား + ဉာဏ်ပညာ = တန်ဖိုးမြှင့် အဖြစ်ရရှိနိုင်ပါသည်။

လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ငွေကြေးများ စနစ်တကျစီမံခန့်ခွဲနိုင်ရန် ရည်ရွယ်၍ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကိုလည်း မျှဝေခဲ့ပါသည်။ လူမှုအကျိုးပြုစီးပွားရေး လုပ်ငန်းနှင့် မရင်းနှီးသော ဒေသခံဌာနေတိုင်းရင်းသားများအား စိတ်ဝင်စားမှုမြှင့်မားလာစေရန်နှင့် အားတက်သရော ပါဝင်လာနိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံအတွင်း လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ အကောင်အထည်လုပ်ဆောင်လျက်ရှိသော အဖွဲ့အစည်းများသို့ လေ့လာရေးခရီးစဉ်များ ပို့ဆောင်ခဲ့ပါသည်။ ထို့အပြင် ထိုင်းနိုင်ငံတွင် လုပ်ဆောင်လျှက်ရှိသော လူမှုအကျိုးပြုစီးပွားရေး လုပ်ငန်းအဖွဲ့နှင့် အတွေ့အကြုံဖလှယ်သည့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်၍ ဒေသခံ ဌာနေတိုင်းရင်းသားများကို ၎င်းတို့၏ အတွေ့အကြုံများကို ဝေမျှခဲ့ကြပါသည်။

ဌာနေတိုင်းရင်းသားဒေသများတွင် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းအပြင် သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးတန်ဖိုးထားထိန်းသိမ်းရန် ရည်ရွယ်၍ စွမ်းဆောင်ရည်မြှင့်သင်တန်းများ၊ အမြင်ဖွင့်သင်တန်းများ လုပ်ဆောင်ခဲ့ပါသည်။ လူငယ်များ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကိုမြတ်နိုးတန်ဖိုးထားပြီးအနာဂတ်မျိုးဆက်များအား လက်ဆင့်ကမ်းမျှဝေနိုင်ရန် ပွိုင့်အဖွဲ့နှင့် ဒေသခံဌာနေတိုင်းရင်းသားများပူးပေါင်း၍ ရိုးရာအမွေအနှစ်များကိုလည်း ဝိုင်းဝန်းဖော်ထုတ်ခဲ့ပါသည်။ နောင်နှစ်များတွင် သဘာဝမှ ရရှိသောအရင်းအမြစ်များကို ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိပဲ ဒေသခံများ စားဝတ်နေရေးအဆင်ပြေပြီး မည်ကဲ့သို့သော တန်ဖိုးမြှင့်ပစ္စည်းများထုတ်လုပ်၍ မည်ကဲ့သို့အကောင်ထည်ဖော်ဆောင်ရွက်မည်ကို စဉ်းစားရင်း ကျွန်ုပ်၏ ရင်ဘတ်တခုလုံး စိတ်လှုပ်ရှားမှုများစွာဖြင့် ပြည့်နှက်နေပါသည်။

ရက်စွဲ။ ------------------------

# မြန်မာအစိမ်းရောင်ကွန်ရက်၏ သဘောထားကြေညာချက်

၁။ မြန်မာနိုင်ငံ၏ စီးပွားရေးဦးမော့လာစေရန် ခရီးသွားလုပ်ငန်းသည် အဓိကနေရာတွင် ပါဝင်နေပါ သည်။ သို့ဖြစ်ပါ၍ ပုဂံဒေသကို အစိုးရအနေနှင့် စနစ်တကျ စီမံခန့်ခွဲမှုများဖြင့် ဆောင်ရွက်ပေးရန်။

၂။ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ (World Traval and Tourism Council WTTC) ကလည်း ခရီးသွားလုပ်ငန်းသည် သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲခြင်းမပြုဘဲရရှိသောဝင်ငွေမှ အလွှာပေါင်းစုံ ပါဝင်ပတ်သက်မှုရှိသည့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ထားသည်။ အထူးသဖြင့် လူထုအခြေပြု (CBT) ကဲ့သို့ Sustainable Development Goals (SDGs) အရလည်း ဆင်းရဲနွမ်းပါးမှုကို လျှော့ချတိုက်ဖျက်နိုင်စေရန်။

၃။ ခရီးသွားလုပ်ငန်းသည် မီးခိုးမထွက်သော စက်မှုလုပ်ငန်း ဟု တင်စားခေါ်ဝေါ်ခြင်းနှင့်အညီ မြန်မာနိုင်ငံအတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေပြီး တစ်ဖက်တစ်လမ်းမှနိုင်ငံ၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေကာ ကမ္ဘာကြီးပူနွေးမှုကိုလည်း လျှော့ကျစေခြင်း။

၄။ အစိုးရနှင့် လူမှုအဖွဲ့အစည်းများအနေဖြင့် လူထုအခြေပြု ခရီးသွားဝန်ဆောင်မှုလုပ်ငန်း (CBT) ကို ဖော်ဆောင်ပေးခြင်းဖြင့် ပုဂံဒေသခံများသည် ၄င်းတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင်ရေမြေတောတောင်များကို အနီးကပ် ကာကွယ်စောင့်ရှောက်ပေးနိုင်ခြင်း။

၅။ ပုဂံဒေသသည် အပူပိုင်းဇုံတွင် ပါဝင်နေသောကြောင့် ကမ္ဘာ့အမွေအနှစ်များ ရေရှည်တည်တံ့နိုင်ရေးအတွက် လက်ရှိသစ်တောသစ်ပင်များကို ဦးစားပေးထိန်းသိမ်းကာကွယ်ပြီး၊ ပျက်စီးပြုန်းတီးသွားသောသစ်တောများကို ပြန်လည်စိုက်ပျိုးခြင်းဖြင့် ဥတုရာသီမျှတစေရန်၊

၆။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံ၏တန်ဖိုးကို ပြည်ထောင်စုတိုင်းရင်းသားမျိုးနွယ်အားလုံးအတွက် ရှေးဟောင်းအမွေအနှစ်အဖြစ် ထိန်းသိမ်းထားရှိခဲ့နိုင်ရန် အသိပညာရှင်၊ အတတ်ပညာရှင်တို့နှင့်အတူ ပြည်သူတစ်ရပ်လုံးပါဝင်၍ ဝိုင်းဝန်းစောင့်ရှောက်သွားကြရန်။

၇။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့နိုင်စေရန်အတွက် ဒေသခံတို့၏ဓလေ့ထုံးတမ်းများကို ခရီးသွားလုပ်ငန်းဆိုင်ရာ ရောင်းကုန်ပစ္စည်းတစ်ရပ်အဖြစ် အသုံးမချမိစေရန်နှင့် ဒေသခံတို့ကိုယ်တိုင် မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း အမြတ်တနိုး တန်ဖိုးထားထိန်းသိမ်းကြစေရန်။

၈။ ခရီးသွားလုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကိုလည်း ဒေသခံများ နားလည်သဘောပေါက်

စေရန် အသိပညာပေးအမြင်ဖွင့်သင်တန်းများ ပို့ချခြင်း၊ ၄င်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားခိုင်မာစေရန် တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ပေးနိုင်ရန်။

၉။ နိုင်ငံတော်၏ အမျိုးသားစီးပွားရေးမူဝါဒကို အထောက်အကူပြုစေရေးနှင့် မြန်မာနိုင်ငံ၏ ကမ္ဘာ့အမွေအနှစ် ယဉ်ကျေးမှုများ ရေရှည်တည်တံ့စေရေးတို့အတွက် သဘာဝပတ်ဝန်းကျင်အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးဌာနဖွဲ့စည်းရန်နှင့် လက်တွေ့လုပ်ငန်းဆောင်ရွက်ရာ၌ သက်ဆိုင်ရာဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်။

၁၀။ အပူပိုင်းဇုန်ဒေသ၊ ပတ်ဝန်းကျင်နှင့် စွမ်းအင်ဆိုင်ရာ သုတေသန၊ ဖွံ့ဖြိုးရေးနှင့် သင်ကြားပို့ချရေး ဗဟိုဌာနတစ်ခုကို စစ်ကိုင်း၊ မန္တလေးနှင့် မကွေးတိုင်းဒေသကြီးသုံးခုအတွင်း သင့်တော်သည့်တစ်နေရာတွင် တည်ထောင်ဖွင့်လှစ်ပေးနိုင်ရန်။

၁၁။ သစ်ပင်သစ်တောများ နည်းပါးနေသည့်အချိန်တွင် မြေနှင့် ရေဆုံးရှုံးမှုများမှ ကာကွယ်ရန်နှင့် မြေအောက်ရေ တိုးပွားလာစေရန်အတွက် မိုးရေလှောင်ထိန်းချုပ်ခြင်း (Rain Water Harvesting) နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ပေးရန်။

၁၂။ ရှေးဟောင်းအမွေအနှစ်ဇုန်အတွင်း မီးခိုးထုတ်လွှတ်မှု (သို့) ကာဗွန်ထုတ်လုပ်မှုအလွန်များသော မော်တော်ယာဉ် (ဓာတ်ဆီ/ဒီဇယ်) ကား ဝင်ရောက်မှုထိန်းချုပ်ရန်။

၁၃။ ကာဗွန်ထုတ်လုပ်မှုနည်းသော သဘာဝဓာတ်ငွေ့ (CNG) သုံး မော်တော်ယာဉ်များကိုသာ သုံးစွဲရန်၊ လျှပ်စစ်မော်တော်ဆိုင်ကယ်နှင့် တိရစ္ဆာန်ဆွဲယာဉ်များကို စနစ်တကျ သတ်မှတ်သုံးစွဲရန်။

၁၄။ ရှေးဟောင်းဇုံအတွင်းရှိ စားသောက်ဆိုင်များ၊ ဟိုတယ်များတွင် ကာဗွန်ထုတ်လွှတ်မှုများသော ထင်းမီးသွေး လောင်စာများကို ကာဗွန်ထုတ်လွှတ်မှုနည်းသော ရေနံဓာတ်ငွေ့ရည် (LPG) ဖြင့် အမြန်ဆုံးအစားထိုး အသုံးပြုရန်။

၁၅။ သဘာဝပတ်ဝန်းကျင်၊ အမျိုးသမီးနှင့် ကလေးသူငယ်များ ကျန်းမာရေးကို ထိခိုက်စေသော ထင်း၊ မီးသွေး အသုံးပြုမှုကိုလျှော့ချပြီး သင့်တော်သည့် လောင်စာအစားထိုး သုံးစွဲနိုင်စေရန်။

၁၆။ ရှေးဟောင်းဇုန်အတွင်း စိုက်ပျိုးရေးလုပ်ကိုင်သည့်လုပ်ငန်းများတွင် ဓာတုပိုးသတ်ဆေး လုံးဝအသုံးမ ပြုရန်နှင့် အမှိုက်များမီးမရှို့အောင်ထိန်းချုပ်ရန်။

၁၇။ ဗဟိုရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ဝန်းရံလျက်ရှိသော တောင်သူများအတွက် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းစနစ်များ၊ သင်ကြားပို့ချပေးနိုင်သော သင်တန်းကျောင်းများ ဖွင့်လှစ်ပေးရန်။

၁၈။ သရပါတံခါး၏ လက်ရှိအနေအထားသည် အုတ်ချပ်များပြိုကျပျက်စီးနေသောကြောင့် ဂျပန်မြက်ခင်းများအား လောင်းသောရေများ သရပါတံခါးအောက်ထဲသို့စိမ့်ဝင်ပြီး အုတ်မြစ်ချထားသော အောက်ခြေဆွေးမြည့်နိုင်ပြီး သရပါတံခါး ပြိုကျပျက်စီးလာနိုင်သောကြောင့် လေ့လာမှုများပြုလုပ်ကာ ပျက်စီးမှုကို ထိန်းသိမ်းကာကွယ်ရန်၊

၁၉။ ရှေးဟောင်းအမွေအနှစ်ဖြစ်သည့် ပုဂံဒေသတွင်း လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ၏ ကားများကို ရှေးဟောင်းဘုရားစေတီများနှင့် ဝေးသည့်နေရာတွင် သီးသန့်ရပ်နားယာဉ်များစခန်းကို သတ်မှတ်ပေးရန်။

myanmargreennetwork@gmail.com
Ph : 09 2450211

အမှတ် ၁၅၉/က၊ ရွှေတိဂုံဘုရားလမ်း၊
ဒဂုံစာတိုက်၊ ရန်ကုန်မြို့။

# ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)၏ လှုပ်ရှားမှုများ



၂၀၁၉ခုနှစ်၊ ဇွန်လ၂၅ရက်နေ့မှ ၂၇ရက်နေ့အထိ ရန်ကုန်မြို့တွင် ပွိုင့်အဖွဲ့မှ ဦးဆောင်ပြုလုပ်သော ဂေဘားဌာနေတိုင်းရင်းသားများမှ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများကို လက်တွေ့ကွင်းဆင်းလေ့လာခြင်း အစီအစဉ် အမှတ်တရဓာတ်ပုံရိုက်ကူးနေစဉ်။




မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ရက်ဒ်အပေါင်းစီမံချက် အကာအကွယ်ဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက်စနစ်ပုံစံရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ခုနှစ်၊ ဇူလိုင်လ ၁၁ရက်နေ့တွင် နေပြည်တော်၌ကျင်းပရာ ပွိုင့်မှအဖွဲ့ဝင်များနှင့်အတူ ပွိုင့်နှင့်လက်တွဲဆောင်ရွက်နေသော ဌာနေတိုင်းရင်းသားကိုယ်စားပြု ခေါင်းဆောင်ကိုယ်စားလှယ်များ တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေစဉ်။




၂၀၁၉ခုနှစ်၊ ဇူလိုင်လ၆ရက်နေ့တွင် ကရဏာလူမှုစည်းလုံးညီညွတ်ရေးအသင်းမှဦးစီးကျင်းပသော သစ်ပင်စိုက်ပွဲကို တိုက်ကြီးမြို့နယ်တွင်ကျင်းပကြရာပွိုင့်မှသွားရောက်ပါဝင်ဆင်နွှဲခဲ့ကြပါသည်။



၂၀၁၉ခုနှစ်၊ ဇူလိုင်လ၈ရက်နေ့မှ ၁၀ရက်နေ့အထိ လူ့စွမ်းအားအရင်းအမြစ်၊ ရုံးတွင်းစီမံခန့်ခွဲမှုနှင့်ဘဏ္ဍာရေးဆိုင်ရာ သုံးရက်တာသင်တန်းကို လူငယ်အသိုက်အဝန်းခန်းမတွင် ပြုလုပ်ရာပွိုင့်မှ ရုံးသူရုံးသားများတက်ရောက်သင်ကြားခဲ့ကြပါသည်။



၂၀၁၉ခုနှစ်၊ ဇူလိုင်လ၁၅ရက်နေ့မှ ၁၆ရက်နေ့အထိ မကွေးတိုင်းဒေသကြီး၊အထက်မင်းလှမြို့နယ်၊ ပနီဆုံကျေးရွာတွင်ရေယာဉ်ကြိုးပြင်ကာကွယ်တောသတ်မှတ်မှုနှင့်ပက်သက်ပြီး ပွိုင့်အဖွဲ့မှ မြေပုံနယ်နိမိတ်ဖော်ထုတ်ပေးခြင်းနှင့် ပွိုင့်အဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာကိစ္စရပ်များကို သွားရောက်ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပါသည်။



၂၀၁၉ခုနှစ်၊ ဇူလိုင်လ၁၁ရက်နေ့မှ ၁၃ရက်နေ့အထိ ရိုးရာယဉ်ကျေးမှုဓလေ့နှင့် ပက်သက်သောအသိပညာဗဟုသုတအား ဂျဲန်ဒါအမြင်ဖြင့်ကြည့်ခြင်း ဒုတိယအလုပ်ရုံဆွေးနွေးပွဲကို တော်ဝင် ၉ မိုင်ဟော်တယ်တွင် ကျင်းပပြုလုပ်ခဲ့ခြင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေစဉ်။



၂၀၁၉ခုနှစ်၊ဇူလိုင်လ၂၄ရက်နေ့မှ၂၆ရက်နေ့အထိမကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ မြေလတ်ကျေးရွာတွင် ပွိုင့်မှအသေးစားရန်ပုံငွေထောက်ပံ့ပေးမှုအစီအစဉ်ဖြင့် သဘာဝပတ်ဝန်းကျင်နှင့် သစ်တောသစ်ပင်များ၏ လွန်စွာအရေးပါလှသော အခန်းကဏ္ဍဆိုင်ရာအသိမြင်ဖွင့်သင်တန်းကို အရှိုချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုရေးရာအဖွဲ့မှဆရာ၊ ဆရာမများအား သင်ကြားပို့ချမှုအမှတ်တရအဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေစဉ်။



၂၀၁၉ခုနှစ်၊ ဇူလိုင်လ၁၆ရက်နေ့မှ ၁၉ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ကာလီမန်တန်ကျွန်းအရှေ့ပိုင်း၊ ဂျာကာတာတွင် သစ်တောကဏ္ဍအခြေပြု NDC (Nationally Determined Contribution)အကောင်အထည်ဖော်ခြင်းဆိုင်ရာ နှစ်နိုင်ငံအပြန်အလှန်လေ့လာရေးခရီးစဉ်ဆောင်ရွက်ရာ ပွိုင့်အဖွဲ့မှတက်ရောက်ပါဝင်ခဲ့ပါသည်။



၂၀၁၉ခုနှစ်၊ ဇူလိုင်လ၂၃ရက်နေ့မှ၂၅ရက်နေ့အထိ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ သဘော်တောကျေးရွာတွင်ပွိုင့်အဖွဲ့မှ မြတ်သာကုန်း၊ ပိန်းသီလာ၊ သဘော်တော၊ အောက်ကျောက်ဖျာနှင့် အထက်ကျောက်ဖျာရွာများအတွက် မြေပုံနယ်နိမိတ်အကြမ်းဖော်ထုတ်ပေးခြင်းအစီအစဉ်ကို သွားရောက်ဆောင်ရွက်ခဲ့ကြပါသည်။



၂၀၁၉ခုနှစ်၊ ဇူလိုင်လ၁၇ရက်နေ့မှ ၁၈ရက်နေအထိ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာနည်းဥပဒေများ(နောက်ဆုံးမူကြမ်း)အပေါ် ကျွမ်းကျင်သူများအကြံပြုဆွေးနွေးပွဲနှင့် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားသော နယ်နိမိတ်များနှင့် ဒေသခံအစုအဖွဲ့သဘာဝထိန်းသိမ်းရေးနယ်မြေများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပွိုင့်အဖွဲ့နှင့် ဌာနေတိုင်းရင်းသားကိုယ်စားလှယ်များ တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြပါသည်။



၂၀၁၉ခုနှစ်၊ဩဂုတ်လ ၁ရက်နေ့တွင် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ချင်းလူ့အခွင့်ရေးအဖွဲ့စည်းရုံးခန်းတွင် ဌာနေတိုင်းရင်းသားနှင့် ဆက်စပ်ပက်သက်သောမြန်မာနိုင်ငံ၏ အခြေအနေဆိုင်ရာအတွေ့အကြုံဖလှယ်အစည်းအဝေးပွဲတွင်ပွိုင့်မှ ပါဝင်ဆွေးနွေးခဲ့ပြီးအတူတကွ အမှတ်တရဓာတ်ပုံရိုက်ကူးနေစဉ်။



၂၀၁၉ခုနှစ်၊ ဩဂုတ်လ၁၀ရက်နေ့တွင် ပွိုင့်မှအပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဦးစီးကျင်းပသော ရန်ကုန် – ပဲခူးစက်ဘီးစီးနင်းပွဲတွင် ပဲခူးမြို့ရှိ သူနာပြုအဖွဲ့ဝင်များနှင့် အတူ အမှတ်တရဓာတ်ပုံအတူတကွရိုက်ကူးနေကြစဉ်။




၂၀၁၉ခုနှစ်၊ ဩဂုတ်လ ၂၉ရက်နေ့မှ၃၁ရက်နေ့အထိ တီမောနိုင်ငံတွင် ကျင်းပသော ၂၉ကြိမ်မြောက် နှစ်စဉ် လူ့အခွင့်အရေးနှင့်သံတမန်ရေးရာ သင်တန်းအစီအစဉ်ကို ပွဲတင့်မှ ဝင်ရောက်ပါဝင်တက်ရောက်များနှင့်အတူ တကွ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေစဉ်။



၂၀၁၉ခုနှစ်ဩဂုတ်လ၃၁ရက်နေ့မှ စက်တင်ဘာ၂ရက်နေ့အထိ မြန်မာနိုင်ငံရှိ ရက်ဒ်အပေါင်းအကောင်အထည်ဖော်ဆောင်ရေးအစီအစဉ်တွင် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးနှင့်ပက်သက်သော နိုင်ငံအဆင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအစီအစဉ်ကို ရန်ကုန်မြို့တွင် ကျင်းပခဲ့ကြပြီး အတူတကွမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေစဉ်။



၂၀၁၉ခုနှစ်၊ ဇူလိုင်လ၂၃ရက်နေ့မှ၂၅ရက်နေ့အထိ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ သဘော်ာတောကျေးရွာတွင်ပွိုင့်အဖွဲ့မှ မြတ်သာကုန်း၊ ပိန်းသီလာ၊ သဘော်ာတော၊ အောက်ကျောက်ဖျာနှင့် အထက်ကျောက်ဖျာရွာများအတွက် မြေပုံနယ်နိမိတ်အကြမ်းဖော်ထုတ်ပေးခြင်း အစီအစဉ်ကို သွားရောက်ဆောင်ရွက်ခဲ့ကြပါသည်။




၂၀၁၉ခုနှစ်၊ စက်တင်ဘာ ၃ရက်နေ့တွင် ရန်ကုန်မြို့၊ Mercure ဟော်တယ်တွင် အာဆီယံအရပ်ဘက်အဖွဲ့အစည်းများညီလာခံ/ အာဆီယံလူထုဖိုရမ်အတွက် ကြိုတင်ပြင်ဆင်သောအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပကြရာပွိုင့်မှ တက်ရောက်ပါဝင်ခဲ့ပြီး အတူတကွမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေကြစဉ်။




၂၀၁၉ခုနှစ်၊ စက်တင်ဘာ၉ရက်နေ့မှ၁၃ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် အာဆီယံအရပ်ဘက်အဖွဲ့အစည်းများညီလာခံ/ အာဆီယံလူထုဖိုရမ်၂၀၁၉မှ အာဆီယံနိုင်ငံများတွင် တရားမျှတရေး၊ ငြိမ်းချမ်းရေး၊ တန်းတူညီမျှမှု၊ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ဒီမိုကရေစီအရေးများအတွက် လူထုလုပ်ရှားမှုများကို မြှင့်တင့်ဆောင်ရွက်ပေးခြင်း အစီအစဉ်ကို ကျင်းပခဲ့ကြရာပွိုင့်အဖွဲ့မှ တက်ရောက်ပါဝင်ဆင်နွှဲခဲ့ပါသည်။



၂၀၁၉ခုနှစ်၊ စက်တင်ဘာ၁၈ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်၊ ဝိဇ္ဇာခန်းမတွင် ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ကို ကျင်းပခဲ့ကြရာ ပွိုင့်မှတက်ရောက်ပါဝင်ဆင်နွှဲခဲ့ပါသည်။




၂၀၁၉ခုနှစ်၊ စက်တင်ဘာ၂၁ရက်နေ့တွင် ရန်ကုန်မြို့၌ ဒီဗီဘီမှဦးဆောင်ကျင်းပသော အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ အထိန်းအမှတ်စကားဝိုင်းကို ပွိုင့်အဖွဲ့မှတက်ရောက်ပါဝင်ဆွေးနွေးခဲ့ပါသည်။



၂၀၁၉ခုနှစ်၊ စက်တင်ဘာ၁၈ရက်နေ့မှ၁၉ရက်နေ့အထိ နေပြည်တော်၊ Hillton ဟော်တယ်တွင် မြန်မာနိုင်ငံတွင် နာဂိုရာသဘောတူညီချက်အကောင်အထည်ဖော်ဆောင်ရေးအတွက် မူဝါဒဘောင်နှင့် နှီးနွှယ်သည့်လမ်းညွှန်ချက်များ(မူကြမ်းနှင့်ပက်သက်သည့်) အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ပွိုင့်မှဝင်ရောက်ပါဝင်ဆွေးနွေးပေးခဲ့ပြီး အတူတကွမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေစဉ်။




တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှမြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးဆိုင်ရာမဟာဗျူဟာနှင့်ရှေ့လုပ်ငန်းစဉ်များညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၉ခုနှစ်၊ စက်တင်ဘာ၁၉ရက်နေ့တွင် နေပြည်တော်၌ ကျင်းပရာပွိုင့်အဖွဲ့မှပါဝင်တက်ရောက်ခဲ့ပြီးမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေကြစဉ်။



၂၀၁၉ခုနှစ်၊ စက်တင်ဘာ၂၄ရက်နေ့မှ၂၆ရက်နေ့အထိ ရန်ကုန်မြို့၊ IBIS ဟော်တယ်တွင် လူ့အခွင့်အရေးနှင့်ကမ္ဘာ့ကုလသမဂ္ဂလုပ်ထုံးလုပ်နည်းများနှင့်ပက်သက်သည့်သင်တန်းကိုပွိုင့်ရုံးသူရုံးသားများတက်ရောက်သင်ကြားခဲ့သည့်မှတ်တမ်းတင်ဓာတ်ပုံအတူတကွရိုက်ကူးနေကြစဉ်။



၂၀၁၉ခုနှစ်၊စက်တင်ဘာ၂၈ရက်နေ့မှ၃၀ရက်နေ့အထိကရင်ပြည်နယ်၊သံတောင်ကြီးမြို့နယ်၊သဘော၊တောကျေးရွာတွင်ပွိုင့်မှဦးစီးသောလူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများနှင့်ပက်သက်သည့်လက်တွေ့သင်ကြားပို့ချပေးခြင်းသင်တန်းအမှတ်တရဓာတ်ပုံရိုက်ကူးနေကြစဉ်။



၂၀၁၉ခုနှစ်၊ စက်တင်ဘာ၂၉ရက်နေ့မှ ၃၀ရက်နေ့အထိ ရန်ကုန်မြို့၊ 9 Mile ဟော်တယ်တွင်ပွိုင့်အဖွဲ့မှဦးစီးကျင်းပသောမြေပုံရေးဆွဲခြင်းဆိုင်ရာအတွေ့ကြုံရှင်းလင်းပွဲမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေစဉ်။



ရန်ကုန်မြို့တွင် ဌာနေတိုင်းရင်းသားများနှင့် သဘာဝအရင်းအမြစ်စီမံအုပ်ချုပ်မှုဆိုင်ရာဥပဒေနှင့် မူဝါဒရေးရာသင်တန်းကို ၂၀၁၉ခုနှစ်၊ စက်တင်ဘာ၃၀ရက်နေ့မှ အောက်တိုဘာ၁ရက်နေ့အထိ ကျင်းပခဲ့ပြီးမှတ်တမ်းတင်ဓာတ်ပုံအတူတကွရိုက်ကူးနေကြစဉ်။



ပွိုင့်အဖွဲ့မှ ငဖဲမြို့နယ်အတွင်းပြီးမြောက်ခဲ့သော ဒေသခံပြည်သူပူးပေါင်းပါဝင်ရေးဆွဲထားသောမြေပုံ(အကြမ်း)ဆွေးနွေးတိုင်ပင်ညှိနှိုင်းပွဲကို ၂၀၁၉ခုနှစ်၊ အောက်တိုဘာ၂ရက်နေ့တွင် ကျင်းပဆောင်ရွက်ခဲ့သည့်မှတ်တမ်းတင်ဓာတ်ပုံအတူတကွရိုက်ကူးနေကြစဉ်။



ပွိုင့်နှင့်ကရင်ဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း(တောင်ငူ)တို့မှရေးဆွဲထားသောမြေပုံအကြမ်းနှင့်ပက်သက်သည့်ပူပေါင်းဆွေးနွေးညှိနှိုင်းပွဲကို ၂၀၁၉ခုနှစ်၊သံတောင်ကြီးမြို့နယ်၊မြတ်သာကုန်းကျေးရွာတွင်ကျင်းပပြုလုပ်ခဲ့ကြသည့်မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေကြစဉ်။



မြေအသုံးချမှုဆိုင်ရာနည်းပညာအကြံပေးအဖွဲ့ ပထမအကြိမ်အစည်းအဝေးပွဲကို ၂၀၁၉ခုနှစ်၊ အောက်တိုဘာ၁၇ရက်နေ့တွင်နေပြည်တော်၌ကျင်းပခဲ့ရာပွိုင့်မှတက်ရောက်ပါဝင်ဆွေးနွေးအကြံပေးခဲ့ပါသည်။



၂၀၁၉ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်နေ့မှ ၁၈ရက်နေ့အထိ လူငယ်အသိုက်အဝန်းခန်းမ(ရန်ကုန်)တွင် ပဋိပက္ခအပေါ်တွင်အကူအညီများ၏အကျိုးသက်ရောက်မှုနှင့် ရိုက်ခတ်မှုများကိုစဉ်းစားရန် မူဘောင်သင်တန်းကို ပွိုင့်ရုံးသူရုံးသားများ တက်ရောက်သင်ကြားခဲ့ခြင်းအမှတ်တရဓာတ်ပုံရိုက်ကူးနေစဉ်။



၂၀၁၉ခုနှစ် အောက်တိုဘာ ၂၁ရက်နေ့မှ ၂၄ရက်နေ့တွင် ထူးခြားပြီးပျောက်ကွယ်လုရှိသည့် အာရှပျားကြီးများဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သွင်ပြင်လက္ခဏာများညီလာခံအား ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့ရာ ပွိုင့်မှ အစီအစဉ်မန်မန်နေဂျာနှင့်အတူ တောင်ငူမှ ဒေသခံခေါင်းဆောင်တို့ တက်ရောက်ခဲ့စဉ်။




၂၀၁၉ခုနှစ်၊ အောက်တိုဘာ၂၈မှ၃၀ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် အာရှဒေသတွင်းရှိ အစိမ်းရောင်ရန်ပုံငွေနှင့် ဌာနေတိုင်းရင်းသားမူဝါဒအကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ကြရာ ပွိုင့်အဖွဲ့မှတက်ရောက်ပါဝင်ခဲ့ပါသည်။



၂၀၁၉ခုနှစ်၊ အောက်တိုဘာ၂၈ရက်နေ့မှ နိုဝင်ဘာ၁ရက်နေ့အထိ ကယားပြည်နယ်၊ လွိုင်ကော်ရှိရွာများတွင် မြေယာအရေးနှင့်ရာသီဥတုပြောင်းလဲမှုအကျိုးသက်ရောက်မှုဆိုင်ရာစစ်တမ်းများကိုမှတ်တမ်းတင်ကောက်ယူခဲ့ကြရာ ပွိုင့်အဖွဲ့မှအားဖြည့်ကူညီဆောင်ရွက်ပေးခဲ့ပါသည်။




မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီမှုရှိသည့် ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်ခွင့်ဆိုင်ရာ နားလည်မှုညှိနှိုင်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ခုနှစ်၊ အောက်တိုဘာ၂၄ရက်နေ့မှ ၂၅ရက်နေ့အထိ ရန်ကုန်မြို့၊ အင်းယား ဟော်တယ်တွင်ကျင်းပခဲ့သည့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေကြစဉ်။



နာဂိုယာသဘောတူညီမှုစာချုပ်ပါ ဇီဝမျိုးစုံမျိုးကွဲနှင့် ရိုးယာဗဟုသုတအားပိုင်ဆိုင်ခွင့်နှင့် မျှဝေခြင်းဆိုင်ရာ မူဘောင်ကြမ်းဆွေးနွေးညှိနှိုင်းသည့်အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ခုနှစ်၊ အောက်တိုဘာ၂၆ရက်နေ့တွင် ရန်ကုန်မြို့၊ အင်းယားဟော်တယ်တွင်ကျင်းပခဲ့ပြီးအတူတကွ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေစဉ်။




မြန်မာနိုင်ငံအတွင်း ဌာနေတိုင်းရင်းသားများ၏ ရုန်းကန်လှုပ်ရှားမှုများနှင့် ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာလှုပ်ရှားမှုများအား ပြန်လည်သုံးသပ်သည့်အစည်းအဝေးကို ၂၀၁၉ခုနှစ်၊ အောက်တိုဘာ၃၀ရက်နေ့မှ နိုဝင်ဘာ၁ရက်နေ့အထိ ရန်ကုန်မြို့တွင်ကျင်းပရာပွိုင့်အဖွဲ့မှ ပါဝင်တက်ရောက်ခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေကြစဉ်။




အာဆီယံနိုင်ငံခြားရေးရာဝန်ကြီးဌာနများမှ အရပ်ဘက်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် အလွတ်သဘောဆွေးနွေးပွဲကို ၂၀၁၉ခုနှစ်၊ နိုဝင်ဘာ၂ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကျင်းပဆောင်ရွက်ကြရာ ပွိုင့်အဖွဲ့မှတက်ရောက်ပါဝင်ခဲ့ပါသည်။



ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်ခွင့်နှင့် မြေယာကဏ္ဍပြောင်းလဲခြင်းလုပ်ထုံးလုပ်နည်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ခုနှစ်၊ နိုဝင်ဘာ၁၄ ရက်နေ့မှ ၁၆ရက်နေ့အထိ ရန်ကုန်မြို့ တော်ဝင် ဇမိုင် ဟော်တယ်တွင် ကျင်းပပြုလုပ်ခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေစဉ်။



ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုသင်တန်းကို ၂၀၁၉ခုနှစ်၊ နိုဝင်ဘာ၅ရက်နေ့မှ ၆ရက်နေ့အထိ ရန်ကုန်မြို့ရှိ တော်ဝင်ဇမိုင်ဟော်တယ်တွင် ကျင်းပပြုလုပ်သည့် အမှတ်တရဓာတ်ပုံကို အတူတကွရိုက်နေကြစဉ်။



၂၀၁၉ခုနှစ်၊နိုဝင်ဘာ၆ရက်နေ့ နေပြည်တော်၌ မြန်မာနိုင်ငံတွင် နာဂိုယာ သဘောတူညီချက်အကောင်အထည်ဖော်ရေးတွင် မူဝါဒမူဘောင်နှင့် နှီးနွယ်သည့်လမ်းညွှန်ချက်များ(မူကြမ်း)ဒုတိယအကြိမ်ဆွေးနွေးခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ပွိုင့်မှပါဝင်တက်ရောက်ခဲ့ပါသည်။



သတင်းမီဒီယာမွန်းမံသင်တန်း၊ မီဒီယာကို အသုံးပြုခြင်းဖြင့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို မြှင့်တင်ပေးခြင်း သင်တန်းကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ၁၈ရက်နေ့မှ ၂၀ရက်နေ့အထိ ရန်ကုန်မြို့၊ Royal Pavil–ion တွင်ကျင်းပခဲ့ကြပြီးအမှတ်တရဓာတ်ပုံရိုက်ကူးနေစဉ်။





၂၀၁၉ခုနှစ်၊ နိုဝင်ဘာ (၂၀–၂၈)ရက်နေ့ ဂျီနီဗာကွန်ဗန်းရှင်းတွင် ပြုလုပ်သော ကုန်ပစ္စည်းပေးသွင်းဖြန့်ဝေသူမှ ကုန်ပစ္စည်းလက်ခံရရှိသူအထိ ဆက်စပ်ပက်သက်သော ကွန်ရက်ကြားတွင် အကြမ်းဖက်မှုနှင့် သတ်ဖြတ်ခြင်းအပေါ် လုံးဝခွင့်မပြုခြင်းပဏာမခြေလှမ်း ဆောင်ရွက်ခြင်း ဆွေးနွေးပွဲအစီအစဉ်နှင့် လူ့အခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာဖိုရမ်ကို ပွိုင့်မှ အစီအစဉ်မန်နေဂျာဖြစ်သူမျိုးကိုကို တက်ရောက်ပါဝင်ဆွေးနွေးခဲ့ပါသည်။



ဝါးလက်မှုအတတ်ပညာသင်တန်းကို ၂၀၁၉ခုနှစ်၊ နိုဝင်ဘာ၂၆ရက်နေ့မှ ၂၇ရက်နေ့အထိ ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်ရှိ မကျီးလွင်ပြင်တွင် ကျင်းပပြုလုပ်ခဲ့ကြရာ ပွိုင့်မှကူညီဆောင်ရွက်ပေးခဲ့ပါသည်။

၂၅ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအဖွဲ့ ဝင်နိုင်ငံများ၏ ညီလာခံ(COP 25) မိန့်ခွန်းများနှင့် သဘောထုတ်များအားအောက်ပါ link တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
https://unfccc.int/process-and-meetings/conferences/un-climate-change-conference-december-2019/speeches-and-statements-at-cop-25



၂၅ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအဖွဲ့ ဝင်နိုင်ငံများ၏ညီလာခံ(COP 25)ကိုပွဲတွင်အဖွဲ့မှ ဒါရိုက်တာ နော်အိအိမင်း၊ အစီအစဉ်အရာရှိ ကိုလှဒွဲနှင့် မြန်မာနိုင်ငံရှိ ဌာနဆိုင်ရာများမှ စပိန်နိုင်ငံ တွင် ၂၀၁၉ခုနှစ် ဒီဇင်ဘာလ ၂ရက်နေ့မှ ၁၄ရက်နေ့အထိ တက်ရောက် ပါဝင်ခဲ့ပါသည်။




စပိန်နိုင်ငံ မတ်ဒရစ်မြို့တွင်ကျင်းပသော၂၅ကြိမ်မြောက် ကမ္ဘာ့ကုလသ မဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံ(COP 25)တွင် ပွဲတွင်အဖွဲ့မှ ဒါရိုက်တာ နော်အိအိမင်းမှ ရာသီဥတုပြောင်းလဲမှုနှင့် စပ်လျဉ်း၍ ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ အခန်းကဏ္ဍအရေး ကြီးပုံကို နိုင်ငံတကာ ဌာနေတိုင်းရင်းသူအမျိုးသမီးများနှင့် ဆွေးနွေးစဉ်။



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားအခွင့်အရေး များကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှမြန်မာနိုင်ငံတိုင်းရင်းသား လူမျိုးများ၏အခွင့်အရေးဆိုင်ရာမဟာဗျူဟာနှင့်ရှေ့လုပ်ငန်းစဉ် များညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၉ခုနှစ်၊ စက်တင်ဘာ၁၉ရက်နေ့တွင် နေပြည်တော်၌ ကျင်းပရာပွဲတွင်အဖွဲ့မှပါဝင်တက်ရောက်ခဲ့ပြီးမှတ်တမ်း တင်ဓာတ်ပုံရိုက်ကူးနေကြစဉ်။



ဆေးမြစ်၊ ဆေးပင်နှင့်ပတ်သက်ပြီးဘုံးဘောကျေးရွာ၏ဇီဝအရင်းအမြစ် ဆိုင်ရာ ကျင့်ဝတ်၊ စည်းမျဉ်းများပြန်လည်ဆန်းစစ်သည့် ဆွေးနွေးပွဲကို ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာ၁၈ရက်နေ့တွင် ဘုံးဘောကျေးရွာ၊ ငဖဲမြို့နယ်၊ မကွေးတိုင်း ဒေသကြီးတွင် ပွဲတွင်အဖွဲ့မှဦးဆောင်ပါဝင်ဆွေးနွေးပေးခဲ့ပါ သည်။



၂၀၁၉ခုနှစ်၊ ဒီဇင်ဘာ၁၁ရက်နေ့တွင် Novotel ဟော်တယ်၊ ရန်ကုန်၌ ကျင်းပခဲ့သော ဌာနေတိုင်းရင်းသူ၊တိုင်းရင်းသားတို့၏ရိုးရာဓလေ့သုံးမျိုး ဆက်ပွားကျန်းမာရေးဆိုင်ရာဓာတ်ပုံပြပွဲနှင့်စာအုပ်မိတ်ဆက်ပွဲ အခမ်း အနားကိုပွဲတွင်မှဦးဆောင်ပြုလုပ်ခဲ့ပါသည်။




မြန်မာနိုင်ငံတွင်နာဂိုရာသဘောတူညီချက် အကောင်အထည်ဖော်ရေး အတွက် မူဝါဒမူဘောင်နှင့် နီးနွယ်သည့်လမ်းညွှန်ချက်များ အတည်ပြု ဆွေးနွေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာ၁၆ ရက်နေ့၌ Sedona ဟော်တယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့သော မှတ်တမ်းတင်ဓာတ်ပုံအား အတူတကွရိုက်ကူးနေကြစဉ်။

IEC

# ပွိုင့် ( ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ )မှ ပုံနှိပ်ထုတ်ဝေမှုများနှင့် မှတ်တမ်းတင်ရုပ်ရှင်များ




လိပ်သိုမြို့နယ်ရှိ ဂေဘားဌာနေတိုင်းရင်းသားများ၏ မလောက်ချောင်းကြိုးပြင် ကာကွယ်တောနှင့် စပ်လျဉ်းသည့် မှတ်တမ်းတင်ဗီဒီယို





"နှင်းတောင်ရှိုက်သံ" အမည်ရှိ ခါကာဘိုရာဇီနှင့် ဖုန်ကန်ရာဇီ ဧရိယာအတွင်း နေထိုင်ကြသည့် ဌာနေတိုင်းရင်းသားများ၏ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ပြုလုပ်သည့်အပေါ် ဒေသခံတို့၏ ဆန္ဒသဘောထားနှင့် စပ်လျဉ်း၍ ရိုက်ကူးထားသောဗွီဒီယို





လိပ်သိုမြို့နယ်ရှိ ဂေဘားဌာနေတိုင်းရင်းသားများ၏ မလောက်ချောင်းကြိုးပြင် ကာကွယ်တောနှင့် စပ်လျဉ်းသည့် မှတ်တမ်းတင်ဗီဒီယို





ထိုင်းနိုင်ငံရှိ ဌာနေတိုင်းရင်းသားများ၏ ၎င်းတို့၏ ဌာနေတိုင်းရင်းသားမျိုးစေ့များ ထိန်းသိမ်းခြင်းဆိုင်ရာ မှတ်တမ်းတင်ရုပ်ရှင်





ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော
လုပ်ငန်းဆိုင်ရာ အတွေ့အကြုံ





၂၀၁၉ မှတ်စုစာအုပ်




တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး
ကာကွယ်စောင့်ရှောက်သည့်
နည်းဥပဒေ




ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော
လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်




**Linking Climate Change and Sustainable Development in Myanmarr**




ဌာနေတိုင်းရင်းသားဆိုင်ရာ
မူဝါဒ

Promotion Of Indigenous and Nature Together

FOR PEOPLE
FOR NATURE

"Our community leaders are putting thier lives at risk to defend our world"


“ ကျွန်တော်တို့ရဲ့ ဒေသခံ ခေါင်းဆောင်တွေဟာ ကမ္ဘာကြီးကို ကာကွယ်ဖို့ သူတို့ရဲ့ အသက်တွေကို အရဲ့ စွန့်နေကြရတယ် ”

**Geovaldis González Jiménez,**
**Community Defender, Colombia**

" If we are going to save the planet, we have to stio killing and criminalizing the people who protect it "

“ ကျွန်တော်တို့ ဂြိုလ်ကမ္ဘာကို ကယ်တင်ချင်တယ်ဆိုရင် ၄င်းကို ကာကွယ်နေတဲ့ သူတွေကို၊ ရာဇဝတ်သားကဲ့သို့ ဆက်ဆံခြင်းကို ရပ်တန့်ရမယ် ”

**Victoria TauliOcorpuz,**
**UN Special Rapporteur on the Rights of Indigenous Peoples**



## “ မဟာတ္တမဂန္ဒီ ” ၏ အဆိုအမိန့်များ

- အစွန်းအထင်းမရှိသော ကိုယ်ကျင့်သိက္ခာနှင့် ကိုယ်တိုင်ဖြူစင်သူများသည် ယုံကြည်ချက်ကို လွယ်ကူစွာဖြစ်ပေါ်စေပြီး သတို့ပတ်ဝန်းကျင်ကိုလည်းအလိုအလျောက်ဖြူစင်စေသည်။
- မိမိယုံကြည်သည့်အတိုင်း မကျင့်သုံးလျှင် မရိုးဖြောင့်မှုပင်ဖြစ်သည်။
- သင်၏တန်ဖိုးထားမှုများကိုမြှင့်တင်ပါ။ အဘယ့်ကြောင့်ဆိုသော် ထိုတန်ဖိုးသည် သင်၏ ဘဝကို ရောင်ပြင်ဟပ်မည် ဖြစ်သောကြောင့်ပေ။
- ဘဝ၏ အဓိကရည်ရွယ်ချက်မှာ မှန်ကန်စွာ နေထိုင်မှု၊ မှန်ကန်စွာ တွေးတောရန်၊ မှန်ကန်စွာ ပြုမူဆောင်ရွက်ရန်ဖြစ်သည်။ ကျွန်ုပ်တို့၏ တွေးတောဆင်ခြင်မှုအားလုံးကို ရုပ်ခန္ဓာအတွက်သာ အသုံးပြုပါက စိတ်ဓါတ်ရေးရာတွင် ယိုယွင်းကျဆင်းလာပေမည်။


**ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)**

အမှတ် (၆၈၇)၊ ကြို့ကုန်း ဇလမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန် - ရန်ကုန်။
ရုံးဖုန်း / ၀၉-၂၅၄ ၂၄၉ ၄၉၄
ဖေ့(စ်)ဘွတ်လိပ်စာ / https://www.facebook.com/PromotionOfIndigenousandNatureTogether
အင်တာနက်လိပ်စာ / www.pointmyanmar.org, အီးမေးလ် / point.org.mm@gmail.com